**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး**

(၁၆)ရက်မြောက်နေ့မှတ်တမ်း

**၁၃၇၉ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၉ ရက်**

**( ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၉ ရက် )**

**[သောကြာနေ့ ]**

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိအမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၁၆)ရက်မြောက်နေ့အစီအစဉ်ကို ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် မန်းဝင်းခိုင်သန်း က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးလွင်ဦး၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးကဆောင်ရွက်ပါသည်။]

**အမျိုးသားလွှတ်တော် ဥက္ကဋ္ဌနေရာယူခြင်း**

**အချိန်၊ ၁၀း၀၅။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေးရဲ့ (၁၆)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၁၆)ရက်မြောက်နေ့မှာ လွှတ်တော်အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၂၃)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၂၀၈)ဦးတက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေ စုစုပေါင်းရဲ့ (၉၃.၂၇)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန်လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက်ကျော်လွန်တဲ့အတွက် ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၄ နဲ့ ၂၈ တို့အရ အစည်းအဝေး အထမြောက်ကြောင်းနှင့် အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်းတင်ပြခြင်း

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ အရ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေးရဲ့ (၁၆)ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီးဖြစ်ပါတယ်။ အဲဒီ အစီအစဉ်အတိုင်း ကျင်းပပါမယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၄)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ (က)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော်ကိုယ်စားလှယ် တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြားရမှာ ဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များရှိလျှင် ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၈။**

**ဦးစောယှားဖောင်အွာ၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)။** ။ လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၁၆)ရက်မြောက်နေ့ ၉-၂-၂၀၁၈ ရက်နေ့မှာ အစည်းအဝေးသို့ တက်ရောက်

နိုင်ခြင်းမရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များရဲ့ကိုယ်စား ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီအဖွဲ့ဝင်ဖြစ်သူ ကျွန်တော် စောယှားဖောင်အွာ က ခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်။

ယနေ့ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များမှာ ဦးစိုင်းသန်းနိုင်၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဖေတင်၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)၊ ဒေသဖွံ့ဖြိုးရေးဆောင်ရွက်ရန်။ ဦးသိန်းလွင်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)၊ ဥပဒေကြမ်းပူးပေါင်းကော်မတီအစည်းအဝေးတက်ရောက်ရန်။ ဦးကျော်ကျော်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)၊ ဝင်းအတိုင်း။ နော်လှလှစိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)၊ အလုပ်ရုံဆွေးနွေးပွဲသို့တက်ရောက်ရန်တို့ ဖြစ်ကြပါတယ်။

ယခင်ကခွင့်ပန်ကြားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ(၁၀)ဦးနှင့် ယနေ့ ခွင့်ပန်ကြားသူ(၅)ဦးဖြစ်ပြီး စုစုပေါင်း ခွင့်ပန်ကြားသူ(၁၅)ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် ယနေ့ ခွင့်ပန်ကြားသူ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကို လွှတ်တော်က ခွင့်အဖြစ် သတ်မှတ်ခွင့်ပြုပေးနိုင်ပါရန် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လွှတ်တော်သို့ လေးစားစွာ ပန်ကြားတင်ပြအပ်ပါတယ် ခင်ဗျား။

**အချိန်၊ ၁၀း၀၉။**

**ဥက္ကဋ္ဌ**။　　။ ယခုခွင့်ပန်ကြားချက်များကိုခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်ကသဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်ကခွင့်ပြုကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၉။**

**ဥက္ကဋ္ဌ**။　　။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၁၆)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ(၂၂၃)ဦး၊ ယခင်ကခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၁၀)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၅)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်းခွင့်ပြုထားသူ (၁၅)ဦးဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူမရှိပါ။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(ဂ)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေ တင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်ကအတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် များ အစည်းအဝေးတက်ရောက်မှုအခြေအနေတင်ပြချက်ကို အမျိုးသားလွှတ်တော်က အတည်ပြု မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။(သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ဖြေကြားခြင်း

**အချိန်၊ ၁၀း၁၀။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၅) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်းအစီအစဉ် ဆောင်ရွက်မှာဖြစ်ပါတယ်။

ယခု လွှတ်တော်ကိုယ်စားလှယ်သုံးဦး မေးမြန်းမည့် မေးခွန်းများဟာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး တစ်ဦးတည်းက ဖြေကြားမည့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ပြည်ထောင်စုဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဧရာဝတီတိုင်းဒေသကြီး၊ ဝါးခယ်မမြို့နယ်၊ ရွှေလောင်းတိုက်နယ်ဆေးရုံ၏ ဝန်ထမ်းအိမ်ရာ၊ သန့်စင်ခန်းများ၊ ဆေးရုံဝင်းအတွင်း ရေဝပ်သောကြောင့် အနံ့ဆိုးများမှာ ဆေးရုံအင်္ဂါရပ်နှင့် မညီသည့်အတွက် မြေဖို့ရန် လိုအပ်ခြင်း စသည်တို့ကို မည်သည့်ဘဏ္ဍာရေးနှစ်တွင် ဦးစားပေးလုပ်ငန်းအလိုက် ဆောင်ရွက် သွားမည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၀။**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဒေါက်တာ ပြည့်ဖြိုး က ဧရာဝတီတိုင်းဒေသကြီး၊ ဝါးခယ်မမြို့နယ်၊ ရွှေလောင်းတိုက်နယ်ဆေးရုံ၏ ဝန်ထမ်းအိမ်ရာ၊ သန့်စင်ခန်းများ၊ ဆေးရုံဝင်းအတွင်း ရေဝပ်သောကြောင့် အနံ့ဆိုးများမှာ ဆေးရုံအင်္ဂါရပ်နှင့် မညီသည့် အတွက် မြေဖို့ရန် လိုအပ်ခြင်း စသည်တို့ကို မည်သည့်ဘဏ္ဍာရေးနှစ်တွင် ဦးစားပေးလုပ်ငန်းအလိုက် ဆောင်ရွက်သွားမည်ကို သိရှိလိုခြင်းနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၁။**

**ဒေါက်တာပြည့်ဖြိုး၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)**။ ။ လေးစားအပ် ပါတဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်ဝန်ကြီးများအားလုံးပဲ မင်္ဂလာပါ။ ကျွန်တော်ကတော့ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာပြည့်ဖြိုး ဖြစ်ပါတယ်။ ကျွန်တော့်

အနေနဲ့ ဧရာဝတီတိုင်းဒေသကြီး၊ ဝါးခယ်မမြို့နယ်၊ ရွှေလောင်းတိုက်နယ်ဆေးရုံရဲ့ အခြေခံလိုအပ်ချက်တွေကို ဆောင်ရွက်ပေးသွားဖို့နှင့် စပ်လျဉ်းပြီးတော့ ကျွန်တော့်အနေနဲ့ မေးမြန်းသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းတွေကို ကွင်းဆင်းကြည့်တဲ့အခါမှာ ဒီတိုက်နယ်ဆေးရုံဟာ လိုအပ်ချက်တွေ ရှိနေပြီးတော့ အတွင်းလူနာအရေအတွက်ကလည်း ပျမ်းမျှကို နေ့စဉ် (၈)ဦး၊ (၉)ဦးလောက်သာရှိပါတယ်။ နောက်တစ်ခုက အထူးသဖြင့်တော့ ဆေးရုံဝင်းအတွင်းရဲ့ သန့်ရှင်းမှုအနေအထားဟာ ဆေးရုံရဲ့ အင်္ဂါရပ်နှင့် လုံးဝကို မညီညွတ်ပါဘူး။ ဆေးရုံရဲ့တည်နေရာဟာ Location အရ တကယ့်တကယ်ကို အချက်အချာကျပေမယ်လို့လည်း ဒေသခံအနေနဲ့ အားကိုးရမယ့် ပုံစံမျိုးရှိမနေပါဘူး။ အဲဒီတော့ အနီးအနားကျေးရွာတွေဟာ ဒီဆေးရုံကိုလာဖို့အတွက် ရေလမ်းကို အဓိက အားထားရတာဖြစ်ပြီးတော့ ဝါးခယ်မမြို့နယ် ဆေးရုံကို သွားမယ်ဆိုလို့ရှိရင်တော့ (၁၆)မိုင် ကုန်းလမ်းခရီးကို အဲဒီဆေးရုံကနေတစ်ဆင့် ထပ်မံပြီးသွားရမှာ ဖြစ်ပါတယ်ခင်ဗျား။ အဲဒီတော့ အနီးအနား ဒီကျေးရွာတွေအနေနဲ့ စပါးရိုချောင်း၊ ဘွတ်တန်း၊ ပေကုန်း၊ ပုဇွန်ချောင်း၊ တြိန်းကျွန်း စတဲ့ ဒီကျန်းမာရေးကို အားကိုးကြမယ့် ကျေးရွာအုပ်စုပေါင်း အခု(၂၀)လောက် ရှိပါတယ်။ တချို့ ကျေးရွာတွေမှာဆိုရင် အိမ်ထောင်စုဟာ (၁၀၀၀)ကျော်လောက်ရှိကြပါတယ်။ ဒါ့ကြောင့် တိုက်နယ်ဆေးရုံ အင်္ဂါရပ်နဲ့ ညီညွတ်စေမယ့် လိုအပ်ချက်တွေကို ပံ့ပိုးပေးမယ်ဆိုလို့ရှိရင် ကျွန်တော်တို့ အခုထက်ပိုပြီးတော့ ကျေးရွာတွေက အားထားလာရမှာဖြစ်ပြီးတော့ လူနာအရေအတွက်တွေလည်း မြင့်တက်လာမှာဖြစ်ပါတယ်။ အခုအချိန်မှာတော့ ဒါ အများစုဟာ မြို့နယ်ဆေးရုံကိုသာ သွားချင်နေကြတာဖြစ်ပြီးတော့ တိုက်နယ်ဆေးရုံမှာ ဒီ အတွင်းလူနာ နည်းပါးရခြင်းဟာလည်း ဒါ အဓိက အကြောင်းအရင်းတစ်ချက် ဖြစ်ပါတယ်။

ကျွန်တော့်အနေနဲ့ ကွင်းဆင်းကြည့်တဲ့အခါမှာ ဒီ လူနာမဆိုထားပေဦး။ လူကောင်းတောင် ဒီဆေးရုံမှာရှိတဲ့ အနံ့ဆိုးတွေ၊ အမှိုက်တွေဟာ သန့်ရှင်းမှုမရှိတဲ့အနေအထား ဖြစ်နေပါတယ်။ အဲဒီတော့ ဆေးရုံရဲ့ အဆောက်အဦ တည်ရှိပုံကလည်းပဲ တကယ်ရေဝပ်တဲ့နေရာမှာ ဖြစ်နေတာကြောင့် နဂိုမူလ တည်းက အားနည်းချက်ဖြစ်ပါတယ်။ ခုချိန်ထိတိုင်အောင် ကျွန်တော်တို့ ဒီလို ပွင့်လင်းရာသီတိုင်အောင် ဒီ ရေတွေရှိနေတဲ့ နေရာအချို့တွေလည်း ရှိနေပါတယ်။ အဲဒီတော့ ဝန်ထမ်းအိမ်ရာအနေနဲ့လည်း SMO တို့၊ Blue Nurse တို့ အတွက်သာရှိပြီးတော့ ကျွန်တော်တို့ ဟောင်းနွမ်းပျက်စီးနေတဲ့ (၃)ခန်းတွဲ ဝန်ထမ်းအိမ်ရာဟာ (၁)ခန်းသာ နေလို့ရတာဖြစ်ပါတယ်။ ဒါ့ကြောင့် ကျွန်တော့်အနေနဲ့ မေးမြန်းလိုတာကတော့ ဝါးခယ်မ မြို့နယ်၊ ရွှေလောင်းတိုက်နယ်ဆေးရုံရဲ့ ဒီ လိုအပ်ချက်တွေဖြစ်တဲ့ ဒီ ဝန်ထမ်းအိမ်ရာ၊ သန့်စင်ခန်းတွေအပြင် ဆေးရုံဝင်းအတွင်း ရေဝပ်တဲ့အတွက်ကြောင့် မြေဖို့ရန် လိုအပ်တဲ့ကိစ္စရပ်များကို မည်သည့်ဘဏ္ဍာနှစ်တွင် ဦးစားပေးအလိုက်၊ လုပ်ငန်းအလိုက် ဆောင်ရွက်သွားမည်ကို သိရှိလိုပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**မကွေးတိုင်းဒေသကြီး၊ နတ်မောက်မြို့နယ်၊ ထန်းပင်ကုန်းကြီးကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲ တည်ဆောက်ပေးရန်အတွက် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် လျာထားပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၄။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဦးချစ်ထွေး က မကွေးတိုင်းဒေသကြီး၊ နတ်မောက်မြို့နယ်၊ ထန်းပင်ကုန်းကြီးကျေးရွာတွင် ကျေးလက်ကျန်းမာရေး ဌာနခွဲ တည်ဆောက်ပေးရန်အတွက် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် လျာထားပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၅။**

**ဦးချစ်ထွေး၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကြီးတစ်ရပ်လုံးကို ကောင်းကျိုးလိုရာဆန္ဒနှင့်ပြည့်ဝပါစေလို့ ဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဦးချစ်ထွေး ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် မေးမြန်းလိုတဲ့ ကြယ်ပွင့်ပြမေးခွန်းကတော့ မကွေးတိုင်း ဒေသကြီး၊ နတ်မောက်မြို့နယ်၊ ထန်းပင်ကုန်းကြီးကျေးရွာအုပ်စု၊ ထန်းပင်ကုန်းကြီးကျေးရွာ ကျေးလက် ကျန်းမာရေးဌာနခွဲ တည်ဆောက်ပေးရန်အတွက် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် လျာထားပေး နိုင်ရန် အစီအစဉ် ရှိ/မရှိ ဆိုတဲ့မေးခွန်း ဖြစ်ပါတယ်။ အခြေခံအကြောင်းပြချက်များကတော့ မကွေးတိုင်း ဒေသကြီး၊ နတ်မောက်မြို့နယ်၊ ထန်းပင်ကုန်းကြီးကျေးရွာသည် နတ်မောက်မြို့၏ အရှေ့မြောက်ဘက် မိုင်(၃၀)အကွာတွင်တည်ရှိပြီး အရှေ့ဘက်တွင် ဆုံကုန်းကြီးအုပ်စု၊ တောင်ဘက်တွင် ကျွန်းချောင်းအုပ်စု၊ အနောက်ဘက်တွင် ဘန်းကုန်းအုပ်စု၊ မြောက်ဘက်တွင် ဆည်ကြီးအုပ်စုနှင့် နယ်နိမိတ်ချင်း ထိစပ် လျက်ရှိပါတယ်။ လူဦးရေစုစုပေါင်းမှာ (၂၁၈၇)ဦး၊ အိမ်ခြေစုစုပေါင်းမှာ (၄၁၄)အိမ်၊ ကျေးရွာ စုစုပေါင်း(၃၀၀)ရှိပါတယ်။ အစိုးရအလယ်တန်းကျောင်းတစ်ကျောင်း၊ အစိုးရအလယ်တန်းကျောင်း(ခွဲ) တစ်ကျောင်း၊ ဘကကျောင်းတစ်ကျောင်းရှိပြီး ရေအရင်းအမြစ်များလည်း ကောင်းမွန်လုံလောက်စွာ ရှိပါတယ်။

ထန်းပင်ကုန်းကြီးကျေးရွာအနေဖြင့် ခရိုင်ချင်းဆက်ကားလမ်းဘေးတွင် တည်ရှိခြင်း၊ ကျေးရွာချင်းဆက်သွယ်သည့် လမ်းများစွာရှိခြင်း၊ ပတ်ဝန်းကျင်ကျေးရွာအုပ်စုများမှ ကုန်စည်ကူးသန်း ရောင်းဝယ်ရာတွင် အချက်အချာကျသော ကျေးရွာဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ထန်းပင်ကုန်းကြီးကျေးရွာ၊ ကျေးလက်ကျန်းမာရေးဌာနခွဲ ဖွင့်လှစ်ခွင့်ရရှိပါက ထန်းပင်ကုန်းကြီးကျေးရွာနှင့် ပတ်ဝန်းကျင်ရှိ ကျေးရွာ များမှ ပြည်သူများအနေဖြင့် အချိန်တိုအတွင်း ဆေးကုသမှု ရယူနိုင်ပါသောကြောင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် လျာထားဖွင့်လှစ်ပေးနိုင်ပါရန် ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါ တယ်ခင်ဗျား။ (သြဘာသံများ)

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေဖြင့် အရိုး၊ အကြော ခွဲစိတ်ရာတွင် အသုံးပြုသော ခွဲခန်း ပစ္စည်းကိရိယာပြည့်စုံအောင် ဖြည့်ဆည်းပေးရန်နှင့် အရိုးကျိုး လူနာများတွင် ထည့်သွင်းအသုံးပြုသော စတီးလ်ချောင်းများကို ဈေးနှုန်းမျှတစွာဖြင့် တစ်ပြည်လုံးရှိလူနာများ ရရှိခံစားနိုင်အောင် ဆောင်ရွက် ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၇။**

**ဥက္ကဋ္ဌ**။　　။ ဆက်လက်ပြီး စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဦးကျော်သောင်း က ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေဖြင့် အရိုး၊ အကြော ခွဲစိတ်ရာတွင် အသုံးပြုသော ခွဲခန်းပစ္စည်းကိရိယာပြည့်စုံအောင် ဖြည့်ဆည်းပေးရန်နှင့် အရိုးကျိုးလူနာများတွင် ထည့်သွင်းအသုံး ပြုသော စတီးလ်ချောင်းများကို ဈေးနှုန်းမျှတစွာဖြင့် တစ်ပြည်လုံးရှိလူနာများ ရရှိခံစားနိုင်အောင် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့်စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၇။**

**ဦးကျော်သောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)**။　　။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီးများ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် တော်ကြီးများ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ ဦးစွာပထမ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ် ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)က အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးကျော်သောင်း ဖြစ်ပါတယ်။ ကျွန်တော်မေးမယ့် မေးခွန်းက ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေနဲ့ အရိုး၊ အကြော ခွဲစိတ်ရာမှာ အသုံးပြုတဲ့ ခွဲခန်းပစ္စည်းကိရိယာ ပြည့်စုံ အောင် ဖြည့်ဆည်းပေးရန်နှင့် အရိုးကျိုးလူနာများတွင် ထည့်သွင်းအသုံးပြုတဲ့ စတီးလ်ချောင်းများကို ဈေးနှုန်းမျှတစွာဖြင့် တစ်ပြည်လုံးရှိလူနာများ ရရှိခံစားနိုင်အောင် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းပဲဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီမေးခွန်းကို မေးရတဲ့ အကြောင်းအရင်းကတော့ အားလုံးသိကြတဲ့အတိုင်း ကျွန်တော်တို့ နိုင်ငံမှာ ကားနှင့်ဆိုင်ကယ်စီးရေဟာ တစ်နေ့တခြား အလွန်များပြားလျက်ရှိပါတယ်။ မြို့နေလူတန်းစားများသာမက တောနေလူတန်းစားများ ဖြစ်ကြတဲ့ ရွာသူ၊ ရွာသားအများစုဟာ ဆိုင်ကယ်ကိုယ်စီ ရှိနေကြပြီဖြစ်ပါတယ်။ အိမ်တိုင်းအိမ်တိုင်း ဆိုင်ကယ်ရှိကြပါတယ်။ ဒါ့ကြောင့် အမျိုးသားများသာမက အမျိုးသမီးများလည်း ဆိုင်ကယ်စီးကြတယ်။ ကားမောင်းကြတယ်။ သို့သော် ၎င်းတို့အထဲက အများစုဟာ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း၊ မော်တော်ယာဉ်ဥပဒေများနှင့် ပတ်သက်ပြီးတော့ သိရှိမှု၊ လေးစားလိုက်နာမှု အားနည်းတာကြောင့် မကြာခဏ ယာဉ်တိုက်မှုဖြစ်ပြီးတော့ နိုင်ငံတစ်ဝန်းလုံးမှာ ယာဉ်တိုက်မှု အဆမတန် များပြားလာတာ ကိုလည်း တွေ့ရှိရပါတယ်။

တချို့သော အရပ်ဒေသတွေမှာ လမ်းတွေချဲ့ထွင်ဖို့ လိုအပ်ချက်တွေ ရှိနေသေးတာလည်း တွေ့ရှိရပါတယ်။ ဒါ့ကြောင့် ယာဉ်တိုက်မှုနှင့်ပတ်သက်ပြီး အတိုက်ခံရသူ၊ ထိခိုက်ဒဏ်ရာရသူ အများစု၊ အဲဒါတွေကို ကြည့်လိုက်ရင် ငွေကြေးမတတ်နိုင်တဲ့သူတွေက အများစုဖြစ်နေတာကို တွေ့ရှိရပါတယ်။ ယာဉ်တိုက်မှုဖြစ်တာနဲ့ ဆေးရုံ၊ ဆေးခန်းနဲ့ အရိုးအကြောဌာနကို ရောက်ရှိတော့လည်း အရိုးအကြော

ဌာနရှိ အရိုးအကြောခွဲစိတ်ရာမှာ အသုံးပြုရတဲ့ ပစ္စည်းကိရိယာ များပြားလှပြီးတော့ တန်ဖိုးလည်း ကြီးတယ်လို့ သိရှိရပါတယ်။ အထူးကုများက မိမိကိုယ်ပိုင်ငွေဖြင့် ဝယ်ယူစုဆောင်းကြပြီး တချို့ဆေးရုံ တွေမှာ ပစ္စည်းအသုံးပြုခ သိန်းဂဏန်းလောက်အထိ ယူကြတာ၊ ကောက်ခံကြတာ ကြားသိရပါတယ်။ အရင်းအနှီးများလို့ ကောက်ခံတာ အပြစ်မပြောလိုပေမယ့် ဝန်ကြီးဌာနအနေနဲ့ ပြည့်စုံစွာ ဖြည့်ဆည်း ပေးနိုင်ရင် ငွေကြေးမတတ်နိုင်တဲ့သူတွေအတွက် များစွာ အကျိုးကျေးဇူး ခံစားကြရမှာ ဖြစ်ပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အရိုးဆက်ရာမှာ ထည့်သွင်းအသုံးပြုတဲ့ စတီးလ်ချောင်းရဲ့ တန်ဖိုးနှင့်ပတ်သက်ပြီး လေ့လာသိရှိရသလောက်ပြောရရင် ဆေးရုံတစ်ရုံနှင့်တစ်ရုံ ဈေးမတူတာ တွေ့ရပါတယ်။ ဆေးရုံတစ်ရုံတည်းမှာတောင်မှ အထူးကု တစ်ဦးနှင့်တစ်ဦး သတ်မှတ်တာ မတူတာ တွေ့ရပါတယ်။ ကျပ်တစ်သိန်းကနေပြီးတော့ ကျပ်(၁၀)သိန်းအထိ ဈေးရှိတာ တွေ့ရပါတယ်။ ပစ္စည်း အရည်အသွေးနဲ့ ကုမ္ပဏီမတူတာကြောင့် ဖြစ်နိုင်ပေမယ့် ကုသအသုံးပြုမယ့် ဆရာဝန်ကိုယ်တိုင်က ရောင်းချတာ မဖြစ်သင့်ဘူးလို့ ထင်ပါတယ်။ တခြားနည်းလမ်း ရှာသင့်ပြီလို့လည်း ယူဆပါတယ်။

လေ့လာသိရှိရသလောက် အရိုးကျိုးလူနာများမှာ စတီးလ်ချောင်းထည့်သင့်/မထည့်သင့်နှင့် ပတ်သက်လို့ (၁) မထည့်သင့်တဲ့လူနာ၊ (၂) ထည့်သင့်/မထည့်သင့် ဆရာဝန်ရဲ့ ဆုံးဖြတ်ချက်အပေါ်မှာ မူတည်တဲ့လူနာ၊ (၃)ထည့်မှ ကောင်းစွာဆက်မယ့် လူနာရှိတယ်လို့ သိရှိရပါတယ်။ အထူးကု ကိုယ်တိုင်က စတီးလ်ချောင်းကို ရောင်းတယ်။ သိန်းချီလည်း တန်တယ်ဆိုရင် မထည့်သင့်တဲ့လူနာ အထည့်ခံရတာဟာ ဆရာဝန်ရဲ့ဆုံးဖြတ်ချက်အပေါ်မှာ မူတည်ပြီးတော့ ထည့်လည်းရတယ်။ မထည့်လည်း အရိုးဆက်နိုင်တဲ့ လူနာတွေအားလုံးဟာ အထည့်ခံရနိုင်ပါတယ်။ ထို့အတူ စတီးလ်ချောင်းထည့်မှရမယ့် လူနာတွေဟာ လည်းပဲ မတတ်နိုင်လို့ ဒုက္ခိတဘဝကို ရောက်သွားနိုင်တဲ့ အန္တရာယ်လည်း ရှိလာနိုင်ပါတယ်။ ဒါ့ကြောင့် အထူးကုများက ရောင်းချခြင်းကို ပိတ်ပြီးတော့ ကုမ္ပဏီတွေနဲ့ ဆက်သွယ်ချိတ်ဆက်ပြီး တိုက်ရိုက် ရောင်းချစေခြင်းနည်း၊ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ထံမှ ဝယ်ယူစေခြင်း၊ ဆေးရုံကြီးကြပ်ရေးအဖွဲ့က ယုံကြည်စိတ်ချရတဲ့ ဆေးဆိုင်များမှ ဝယ်ယူစေခြင်း စတဲ့နည်းလမ်းဖြင့် ချို့တဲ့လူနာများကို ကူညီဖို့ နည်းလမ်းရှာသင့်ပြီလို့ ယူဆပါတယ်။ ရန်ကုန်၊ ကြည့်မြင်တိုင် အရိုးအထူးကု ဆေးရုံမှာကတော့ သက်သာတဲ့ဈေးနှုန်းနဲ့ စတီးလ်ချောင်းဝယ်ယူနိုင်ပြီး ပစ္စည်းအသုံးပြုခလည်း မပေးရကြောင်း သိရှိရ ပါတယ်။

ဒါ့ကြောင့် ကျွန်တော့်အနေနဲ့ မေးမြန်းလိုတဲ့ မေးခွန်းကတော့ ကျန်းမာရေးနှင့် အားကစား ဝန်ကြီးဌာနအနေနဲ့ အရိုးအကြောခွဲစိတ်ရာမှာ အသုံးပြုတဲ့ ခွဲစိတ်ခန်းပစ္စည်းကိရိယာ ပြည့်စုံအောင် ဖြည့်ဆည်းပေးရန်နှင့် အရိုးကျိုးလူနာများတွင် ထည့်သွင်းအသုံးပြုသော စတီးလ်ချောင်းများကို ဈေးနှုန်း မျှတစွာဖြင့် တစ်ပြည်လုံးရှိလူနာများ ရရှိခံစားနိုင်အောင် ဆောင်ရွက်ပေးပါရန် အစီအစဉ် ရှိ/မရှိ သိရှိ လိုခြင်းနှင့်ပတ်သက်၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင် ပါတယ်။ (ဩသာသံများ)

**အချိန်၊ ၁၀း၂၂။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများနဲ့ ပတ်သက်ပြီး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၂၂။**

**ဒေါက်တာမြင့်ထွေး(ပြည်ထောင်စုဝန်ကြီး၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ကျွန်တော်ကတော့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဖြစ်ပါတယ်။ အားလုံးကို မင်္ဂလာပါလို့ နှုတ်ဆက်အပ်ပါတယ်။

ကျွန်တော့်အနေနဲ့ ဧရာဝတီတိုင်းဒေသကြီး အမှတ်(၇)မဲဆန္ဒနယ်မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဒေါက်တာပြည့်ဖြိုး ရဲ့မေးခွန်းဖြစ်တဲ့ ဝါးခယ်မမြို့နယ်၊ ရွှေလောင်းတိုက်နယ်ဆေးရုံ၏ ဝန်ထမ်းအိမ်ရာ၊ သန့်စင်ခန်းများ၊ ဆေးရုံဝင်းအတွင်း ရေဝပ်သောကြောင့် အနံ့ဆိုးများမှာ ဆေးရုံ အင်္ဂါရပ်နှင့် မညီခြင်း၊ မြေဖို့ခြင်းစတဲ့ လုပ်ငန်းများကို မည်သည့်အချိန်မှာ ဆောင်ရွက်မယ်ဆိုတာကို မေးခြင်းဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဒီနေရာမှာ ပထမဦးဆုံး ဒီမေးခွန်းကို မဖြေခင် ကျွန်တော့် အနေနဲ့ တစ်ခုတင်ပြချင်တာက ကျွန်တော်တို့ ဒီမှာ တစ်ပြည်လုံးအတိုင်းအတာအနေနဲ့ ဆေးရုံတွေမှာ အကြီးစားပြင်ဆင်စရိတ်၊ အသေးစားပြင်ဆင်စရိတ်ဆိုပြီး ကျွန်တော်တို့ ထားပါတယ်ခင်ဗျား။ ထားတဲ့ အခါမှာ ဒီဆေးရုံတွေမှာ ကြည့်လိုက်လို့ရှိရင် ခုတင်(၅၀၀)ကနေပြီးတော့ (၁၆)ခုတင်အထိ ဆေးရုံ တွေမှာ သူ့ဟာနဲ့သူချထားပါတယ်။ ဥပမာ ခုတင်(၅၀၀)ဆေးရုံဆိုရင် တစ်နှစ်မှာ ဒီ ၂၀၁၇-၂၀၁၈ မှာ ဆိုရင် ကျပ်သိန်း(၆၀၀) ကနဦး ပေးထားပါတယ်။

အလားတူပဲ ခုတင်(၃၀၀)မှာ ကျပ်သိန်း(၅၀၀) အဆင့်ဆင့်ပေးတဲ့အခါမှာ နောက်ဆုံး တိုက်နယ်ဆေးရုံမှာတော့ ကျပ်(၁၀)သန်းပေါ့၊ ကျပ်သိန်း(၁၀၀)ပေးထားပါတယ်။ ဒါက ကျွန်တော်တို့က စကတည်းက ဒါ ခွဲပြီး ချထားတာပါ။ အလားတူစွာပဲ ကျွန်တော်တို့ စုစုပေါင်းဆိုလို့ရှိရင် ဒီ ပြင်ဆင် စရိတ်အတွက် ကျွန်တော်တို့ ဘယ်လောက်ချထားသလဲဆိုတော့ ကျပ်သန်းပေါင်း(၂၁၇၆၇)သန်း ပေးထားပါတယ်။ အလားတူစွာပဲ ကျွန်တော်တို့ ကုသရေးဦးစီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန မှာလည်း ပြင်ဆင်စရာတွေ အများကြီးရှိပါတယ်။ ၂၀၁၇-၂၀၁၈ ပြည်သူ့ကျန်းမာရေးစီမံကိန်းနှင့် ပတ်သက်ပြီးတော့ ဆေးရုံမှာ ပြင်ဆင်စရာ အများကြီး အားလုံးချထားပါတယ်။ ချထားတာ ဘယ်လောက် ချထားသလဲဆိုတော့ ၂၀၁၇-၂၀၁၈မှာ ကျပ်သန်းပေါင်း(၁၄၄၄၇)သန်း ချထားပါတယ်။

အဲဒီတော့ ဒီနေရာမှာ ကျွန်တော် ပြန်ကြည့်တဲ့အခါမှာ ဘာကြောင့်ဒီလိုဖြစ်ရလဲဆိုလို့ရှိရင် အမှန်တရားအတိုင်းပြောမယ်ဆိုရင်တော့ ကျွန်တော်တို့မှာ သက်ဆိုင်ရာ တိုင်းနှင့်ပြည်နယ် ဦးစီးမှူးနှင့် အထူးသဖြင့် ဒီ ဆေးရုံမှာလုပ်တဲ့ တိုက်နယ်ဆရာဝန်မှာ တာဝန်ရှိပါတယ်။ သူ့အနေနဲ့က တောင်းရမယ့် တာဝန်သည် သူ့တာဝန်၊ ပေးရမယ့်တာဝန်သည် ကျွန်တော်တို့ တာဝန်။ သူက မတောင်းတဲ့အတွက် ကျွန်တော်တို့က ပေးလို့မရဘူး ဖြစ်နေပါတယ်။ တောင်းတဲ့အခါမှာလည်း သူကနေ တစ်ဆင့်တစ်ဆင့် ဒါ ဒါ ဒါ ပြင်ချင်တယ်ဆိုရင် သူ့တိုင်းသက်ဆိုင်ရာ တိုင်းနဲ့ပြည်နယ်ဦးစီးမှူးဆီ တင်လိုက်။ သူက အင်ဂျင်နီယာ လွှတ်ပြီးတော့ ကျပ်(၁၀)သိန်းတောင်းရင် ဘယ်လောက်တန်လဲကြည့်မယ်။ ကျပ်(၁၀)သိန်း ဆို ကျပ်(၁၀)သိန်းပေးမယ်။ ကျပ်(၇)သိန်းဆို ကျပ်(၇)သိန်း ပေးမယ်။ အဲဒါကို ကျွန်တော်တို့ ဗဟိုကို ရောက်လာပါတယ်။

ဗဟိုမှာ ကျွန်တော်တို့ ဘဏ္ဍာညှိနှိုင်းအစည်းအဝေးရှိပါတယ်။ ဝန်ကြီးက ဥက္ကဋ္ဌ၊ DG တွေ အဖွဲ့ဝင်တွေနဲ့လုပ်ပါတယ်။ အရေးကြီးရင် ကြီးသလို ဒီအစည်းအဝေးကို ကျွန်တော်တို့ မစောင့်ပါဘူး။ ချက်ချင်း Memo နဲ့တက်လာပြီး ချက်ချင်း ကျွန်တော်တို့ Approve လုပ်ပါတယ်။ ဒီဟာတွေ မလုပ်တဲ့အတွက်သာ ဒီလိုမေးခွန်းကို ထွက်လာတာပါ။ ကျွန်တော့်အနေနဲ့ ဒီလိုမေးခွန်းမျိုးကတော့ ကျွန်တော်တို့သက်ဆိုင်ရာ Station Medicial Officer ပေါ့လေ။ သူကသိရင် သူတောင်းရင် ကျွန်တော်တို့ ပေးပါတယ်။ ပိုက်ဆံလည်းရှိတယ်။ အခုထက်ထိ ဒီ ၂၀၁၇-၂၀၁၈ မှာ ပြင်ဆင်စရိတ် အတွက်ကို ကျွန်တော် ပိုက်ဆံတွေ အများကြီးကျန်နေသေးတယ်။ အကုန်လုံးပြင်နေပါတယ်။ သူက မတောင်းခြင်းသာ ဖြစ်ပါတယ်။ ဒါဆိုလိုတာက။ ဒီမှာထိုင်နေတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ကြီးများကို တင်ပြချင်တာကတော့ မိမိတို့သက်ဆိုင်ရာမှာရှိတဲ့ ဒီ Station Hospital, Township Hospital မှာကြည့်ပြီးတော့ ဘာတွေပြင်သင့်တယ်ဆိုတာကို အကြံဉာဏ်ပေးရင် ဒီ သက်ဆိုင်ရာ SMO, TMO ကနေပြီးတော့ တောင်းရင် ကျွန်တော်တို့ ပေးလို့ရပါတယ်။ ပြင်ပြီးရင်လည်း ပိုက်ဆံကို အရမ်းမပေးပါဘူး။ ပြင်ပြီးရင် ကျွန်တော်တို့က MR-8, TMO MR-8 form နဲ့ ပြန်တင်ရပါတယ်။ ပြီးပြီဆိုရင် ကျွန်တော်တို့က လာကြည့်ပါတယ်။ အိုကေဆိုရင် ပြီးသွားပြီ။ ပိုက်ဆံကိုပေးတော့ ပေးတယ်။ ဒါပေမဲ့ ကျွန်တော်တို့ ပြန်ကြည့်ပါတယ် တစ်ချက်။

နောက်တစ်ချက်က ဒီဆေးရုံပေါ့လေ ဝါးခယ်မမြို့နယ်၊ ရွှေလောင်းတိုက်နယ်မှာ ရှိတဲ့ဟာကို ပြန်ကြည့်တဲ့အခါမှာ ပြောတဲ့(၄)ခန်းတွဲရေလောင်းအိမ်သာ ဆောက်လုပ်ခြင်းအတွက်ကို ကျွန်တော်တို့ ကျပ်သန်း(၂.၈၃၆)သန်းကို ကျွန်တော်တို့ ၂၀၁၇-၂၀၁၈ (ပြင်/ထိန်း)ရန်ပုံငွေကနေ ပေးထားပါတယ်။ ရေဝပ်နေရာကို မြေဖို့ရန်အတွက်ကိုလည်း ကျပ်သန်းပေါင်း(၈.၀၇)သန်းကိုလည်း ၂၀၁၇-၂၀၁၈ သာမန် အသုံးစရိတ်နဲ့ ကျွန်တော်တို့ ခွင့်ပြုထားပြီးဖြစ်ပါတယ်။ လိုအပ်တဲ့ဝန်ထမ်းအိမ်ရာနဲ့ ပတ်သက်လို့ ကတော့ ၂၀၁၈-၂၀၁၉ ကျွန်တော်တို့ အောက်တိုဘာမှာစမယ့် နှစ်ပြည့်စီမံကိန်းမှာ ကျွန်တော်တို့ လျာထားမယ်။ လျာထားပါမယ်ခင်ဗျား။ ဒီမှာကြည့်တဲ့အခါမှာ ဆရာဝန်အိမ်သည် (၁၂ ပေ x ၂၅ ပေ) အကျယ်အဝန်းရှိသော သစ်သားကြားညှပ်သည့် အုတ်တစ်ထပ်တိုက် ဖြစ်ပါတယ်။ နှစ်(၂၀)ကြာပါပြီ။ ပြုပြင်ဆောင်ရွက်ရန် လိုအပ်လျက်ရှိပါတယ်။ အသစ်ဆောက်ရန်တော့ မလိုပါဘူး။ အဲဒီတော့ မြို့နယ် ကျန်းမာရေးဦးစီးဌာနနဲ့ တိုက်နယ်ဆေးရုံတို့က ဆက်သွယ်ပြီး စိစဥ်ဆောင်ရွက်လျက် ရှိပါတယ်။ ဒီ ဆရာဝန်အိမ်ကိုပြင်ဖို့။ ဓာတ်ပုံတွေလည်း၊ ဒီလွှတ်တော်ကိုယ်စားလှယ်ကြီး ကျွန်တော်တို့ကို ပေးထား တာတွေ၊ ကျွန်တော်တို့ ဓာတ်ပုံတွေ ရိုက်ထားပါတယ် အားလုံး။ တော်တော်မကောင်းပါဘူး။ အခြေအနေ တော်တော်မကောင်းပါဘူး။ ဓာတ်ပုံတွေ ရှိပါတယ်။

နောက်တစ်ချက်က သူနာပြုနဲ့ ကျွမ်းကျင်ဝန်ထမ်းအိမ်ရာလည်း သစ်သားအဆောက်အဦ ဖြစ်ပြီးတော့ ပြုပြင်ရန်ခက်ခဲတဲ့အတွက် ဒါ ပြင်လို့မရဘူး။ တော်တော်အခြေအနေဆိုးပါတယ်။ ဓာတ်ပုံ ကြီးက ကြည့်တောင်မကောင်းပါဘူး။ အဲဒီတော့ (၄)ခန်းတွဲတစ်ထပ် သူနာပြုအိမ်ရာတစ်လုံး လိုအပ် တာကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှာ ကျွန်တော်တို့ ထည့်ပါမယ်။ ဒါကလည်း ရဖို့များပါတယ်။ ဘာကြောင့်လဲဆိုတော့ ကျွန်တော်တို့က ၂၀၁၈-၂၀၁၉ ကို ဝန်ထမ်းအိမ်ရာနှစ်လို့ သတ်မှတ်ထားတဲ့ အတွက် ဒါ ပါဖို့များတယ်။ ပါလည်း ပါမှာပါ။ နောက်တစ်ချက်က အမှုထမ်းအိမ်ရာသည် သစ်သား အဆောက်အဦဖြစ်၍ ပြုပြင်ရန်ခက်ခဲတဲ့ အခြေအနေဖြစ်တဲ့အတွက် (၄)ခန်းတွဲတစ်ထပ် အမှုထမ်း

အိမ်ရာတစ်နေရာကိုလည်း ၂၀၁၈-၂၀၁၉ မှာ ကျွန်တော်တို့ ထည့်သွင်းပေးမယ်ဆိုတာကို ပြောကြားရင်းနဲ့ ကျွန်တော် နိဂုံးချုပ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော့်အနေနဲ့ မကွေးတိုင်းဒေသကြီး အမှတ်(၃)မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးချစ်ထွေး ၏ မေးခွန်းဖြစ်တဲ့ မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ်၊ ထန်းပင်ကုန်းကြီးကျေးရွာအုပ်စု၊ ထန်းပင်ကုန်းကြီးကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲ တည်ဆောက်မယ့်ကိစ္စနှင့်ပတ်သက်၍ ကျွန်တော်တင်ပြပါမယ်။

ကျွန်တော်တို့ ဒီ မကွေးတိုင်းဒေသကြီး၊ နတ်မောက်မြို့မှာတော့ တိုက်နယ်ကျန်းမာရေးဌာန(၁)ခုရယ်၊ ကျေးလက်ကျန်းမာရေးဌာန(၇)ခု၊ ဌာနခွဲ(၄၂)ခုနှင့် မိခင်ကလေးကျန်းမာရေးဌာန(၁)ခုနှင့် ကျွန်တော်တို့ ပြည်သူ့ကျန်းမာရေးလုပ်ငန်းများကို ဝန်ဆောင်မှုပေးလျက်ရှိပါတယ်။ ကျန်းမာရေးမှူး(၁)ဦး၊ မြို့နယ်အဆင့်သူနာပြု(၁)ဦး၊ လက်ထောက်ကျန်းမာရေးမှူး(၁၀)ဦး၊ ကြီးကြပ်-၁ (၂)ဦး၊ ကျောင်းကျန်းမာရေး ဆရာမ(၈)ဦး၊ သားဖွားဆရာမ(၆၂)ဦး၊ ကျန်းမာရေးကြီးကြပ်-၄(၄၃)ဦး၊ ဘက်စုံ ကျောက်ထိုး(၂၃)ဦးနှင့် နတ်မောက်မြို့နယ် လူဦးရေ(၂၄၀၀၀၀)ကျော်ကို ကျွန်တော်တို့ ဝန်ဆောင်မှု ပေးလျက်ရှိပါတယ်။

နတ်မောက်မြို့နယ်၊ ဒီလွှတ်တော်ကိုယ်စားလှယ်ကြီးမေးတဲ့ နတ်မောက်မြို့နယ်၊ ထန်းပင်ကုန်းကြီးကျေးရွာသည် ရွှေပန်းတောတိုက်နယ် ကျန်းမာရေးဌာနမှာရှိတဲ့ မြင်းစုကျေးလက်ကျန်းမာရေးဌာနခွဲ အပိုင်မှာရှိတဲ့ ကျေးရွာတစ်ရွာဖြစ်ပါတယ်။ သူက မြင်းစုအောက်မှာပါ။ အဲဒီတော့ ဒီ ရွှေပန်းတောတိုက်နယ်မှာတော့ သူက(၄)ခုရှိပါတယ်။ ကျေးလက်ကျန်းမာရေးဌာနခွဲ ကျောက်ခွက်၊ ဝါပန်၊ ကျွန်းချောင်းနှင့် မြင်းစုဆိုတာရှိပါတယ်။ အဲဒီတော့ ဒီမှာ ကျွန်တော်တို့ ကြည့်လိုက်တဲ့အခါမှာ သူ့ကို ကျေးလက်ကျန်းမာရေးဌာနတစ်ခု ပေးဖို့၊ မပေးဖို့ဆိုရင် ကျွန်တော်တို့မှာ အချက်(၆)ချက် ရှိပါတယ်။ ဒီအချက်(၆)ချက်နဲ့ကြည့်လိုက်တဲ့အခါမှာ အကုန်လုံးသွားညီတာကို တွေ့ရပါတယ်။ ဒီဟာကို ပေးဖို့။ ကျေးလက်ကျန်းမာရေးဌာနခွဲပေးဖို့။

နောက်တစ်ချက်က ဒီမှာကြည့်လိုက်တဲ့အခါမှာ ဒီ ထန်းပင်ကုန်းကြီးကျေးရွာမှာ မြေယာလည်းရှိပါတယ်။ (၁.၁၀)ဧက သတ်မှတ်ထားပြီး မြေစာရင်းပုံစံ (၁၀၅)၊ (၁၀၆)လည်း ရပြီးပြီ ဖြစ်ပါတယ်။ ထို့အပြင် ဒီကျေးလက်ကျန်းမာရေးဌာနမှာ အလျား(၃၆)ပေ၊ အနံ(၃၁)ပေ၊ အမြင့် (၁၂)ပေ သွပ်မိုး၊ အုတ်ကာ၊ သမံတလင်းခင်း အဆောက်အဦ ဆောက်လုပ်ထားပြီးလည်း ဖြစ်ပါတယ်။ ရေလောင်းအိမ်သာ (၁)လုံးလည်းရှိပါတယ်။ ထို့အပြင် (၄)လက်မ စက်ရေတွင်း(၁)တွင်းနှင့် ရေစင်(၁)လုံးလည်းရှိပါတယ်။ နောက်လုံခြုံမှုရှိဖို့အတွက် ကွန်ကရစ်တိုင်နဲ့ အကုန်လုံးသံဇကာလည်း ကာပြီးပြီဖြစ်တဲ့အတွက် ဒီအရပ်မှာ လွှတ်တော်ကိုယ်စားလှယ်ကြီးကပြောထားတဲ့ လူဦးရေများပြားခြင်း၊ နောက်တစ်ချက်က မြေပိုင်ဆိုင်မှုရှိခြင်း၊ ဟို(၆)ချက်နဲ့လည်းညီတဲ့အတွက် ကျွန်တော်တို့က ဖွဲ့စည်းပုံခွင့်ပြုမိန့်ရရှိဖို့အတွက်ကိုတော့ ဒီ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှာ အမျိုးသားကျန်းမာရေးစီမံကိန်းနဲ့ ညှိနှိုင်းပြီး ဥက္ကဋ္ဌ၊ စီမံကိန်းနှင့် ဖွဲ့စည်းပုံစိစစ်ရေးအဖွဲ့သို့ တင်ပြမယ်။ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ရသုံးမှန်းခြေငွေစာရင်း ဦးစီးဌာန သဘောထားမှတ်ချက်ရရင် ကျွန်တော် အစိုးရအဖွဲ့တင်မယ်။ အစိုးရအဖွဲ့ တင်ပြီးတော့၊

Cabinet ကို တင်ပြီးတော့ ကျွန်တော်တို့ ဒါကို ရအောင်လုပ်မှာ။ ရဖို့လည်းသေချာသလောက်ပါပဲ ကျွန်တော်တို့က။ ဒီနေရာမှာ ကျွန်တော်တစ်ခု တစ်နေ့က ပြောသလို တင်ပြချင်တာကတော့ ဒီဟာကတော့ သေချာပေါက်ရမှာပါ။ တချို့နေရာတွေမှာရမယ်လို့ ကျွန်တော် ပြောသော်ငြားလည်း ကျွန်တော်တို့က တိုင်းနဲ့ပြည်နယ် (၁၅)တိုင်းကို ပြန်ပြီးတော့ ဦးစားပေးလုပ်တဲ့အခါမှာ ၂၀၁၈-၂၀၁၉ မရရင်လည်း ၂၀၁၉-၂၀၂၀ မှာ ရမှာပါ။ အဲဒါလေးတော့ ကျွန်တော် ကြိုတင်အသိပေးအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ကျွန်တော့်အနေနဲ့ကတော့ ဒီမေးခွန်းဟာ တော်တော်လည်းကောင်းတယ်။ နိုင်ငံအတွက်လည်း အရေးကြီးတဲ့မေးခွန်းဖြစ်ပါတယ်။ ခြုံငုံပြီးမေးတဲ့အတွက် ကျွန်တော့်အနေနဲ့ အချိန်နည်းနည်းလေး ပိုပေးခွင့်ပြုရန် မေတ္တာရပ်ခံပါတယ်။

အဲဒီတော့ ဒီကိစ္စမှာ ကျွန်တော် အကြမ်းအားဖြင့်ကြည့်ရင်တော့ ဒီ စတီးလ်ချောင်းကိုတော့ Interlocking Nail လို့ခေါ်ပါတယ်။ စတီးလ်ချောင်းအပြင် မူလီပါ ပါ ပါတယ်။ ဒါ ရရှိမှု၊ မရရှိမှု ဆိုတာကတော့ ကျွန်တော်တို့ ဒါတင် မကပါဘူး။ လွှတ်တော်ကိုယ်စားလှယ်ကြီးတို့မေးတဲ့ စတီးလ်ချောင်း တင်မကဘူး။ ကျွန်တော်တို့ နှလုံးမှာထည့်တဲ့ Stent တို့၊ Pacemaker ကအစ ဒီလိုသုံးတဲ့ဟာတွေ ရှိပါတယ်။ သုံးတဲ့ဟာအားလုံးဟာ ဒီဟာတွေက ဆက်နွယ်မှုရှိပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီး မေးတာ၊ ပိုက်ဆံတွေ အများကြီးဝယ်ပြီး၊ Pacemaker ပိုက်ဆံ အများကြီးပေးရတယ်၊ Stent တို့က အစ ပိုက်ဆံအများကြီး ဒါတွေက အကုန်လုံး ဆက်စပ်နေပါတယ်။ ဆိုလိုတာက လူ့ခန္ဓာကိုယ်မှာ ကုတဲ့အခါမှာ လိုအပ်တဲ့ပစ္စည်းတွေကို ရရှိမှု၊ မရရှိမှုသည် အကုန်လုံးဆိုင်တဲ့အတွက် ကျွန်တော် ခြုံငုံပြီး ဖြေပါမယ်။

အဲဒီတော့ ဒီမှာကြည့်တဲ့အခါမှာ ကျွန်တော်တို့က ပထမဆုံး ကျွန်တော်တစ်ချက် တင်ပြချင်တာကတော့ ကျွန်တော်တို့နိုင်ငံမှာ Free Of Charge အလကားပေးနေရပါတယ်။ ဒီလို အမေရိကားလို နိုင်ငံမှာတောင် Free Of Charge မပေးနိုင်ပါဘူး။ ကျွန်တော်တို့က တဖြည်းဖြည်းကတော့ Free Of Charge ပေးမယ်။ သို့သော်လည်း စရိတ်မျှပေးလိုင်းကို ကျွန်တော်တို့က လိုက်ရမယ်။ စရိတ်မျှပေး လိုင်းဆိုတာက ဆေးရုံတွေမှာ ကျွန်တော်တို့ Paying Work တွေရှိပါတယ်။ အရမ်းမတောင်းပါဘူး။ ပိုက်ဆံရှိတဲ့လူတွေ၊ မြို့ကြီးတွေမှာဆိုလို့ရှိရင် သူတို့ဆေးရုံတက်တဲ့အခါမှာ ကိုယ်ပိုင်အခန်းလေးနဲ့ နေချင်တယ်ဆိုရင် (၁)ရက်ကို ကျပ် ၅၀၀၀ သို့မဟုတ် ကျပ် ၁၀၀၀၀ လောက်ပဲ ကျွန်တော်တို့က ယူမှာပါ။ ဒါတွေကို ကျွန်တော်တို့ စလုပ်နေပါပြီ။

အခုလည်း ဆေးရုံတော်တော်များများမှာ ရှိပါတယ်။ ရှိသော်ငြားလည်း ဒီဥစ္စာကို စနစ်တကျ လုပ်ဖို့လိုတယ်။ ဆေးရုံတစ်ရုံနှင့်တစ်ရုံက၊ တိုင်းနဲ့ပြည်နယ် တစ်ခုနှင့်တစ်ခုကတော့ မတူလို့ရတယ်။ ရန်ကုန်တိုင်းထဲမှာရှိတဲ့ ဆေးရုံတော်တော်များများကတော့ တူဖို့လိုပါတယ်။ ဒါတွေကို စနစ်တကျ ပိုက်ဆံဘယ်လောက်ယူမယ်။ ဘယ်လိုလုပ်မလဲ။ ထွက်လာတဲ့ပိုက်ဆံကို ဝန်ထမ်းသက်သာချောင်ချိရေး အတွက် ဘယ်လောက်သုံးမလဲ။ ဒါတွေ အကုန်လုံး ကျွန်တော်တို့ လုပ်နေပါတယ်။ အဲဒီတော့ မကြာခင်တော့ Paying Work တွေပြန်လာမယ်။ သို့သော် ဒါကိုချက်ချင်း၊ အရမ်းတော့ မလုပ်ဘူး။

တဖြည်းဖြည်းလုပ်မယ်။ ဘာကြောင့်လဲ ကျွန်တော်တို့ နိုင်ငံက ချမ်းသာတဲ့နိုင်ငံ မဟုတ်ဘူး။ လူတော်တော်များများဟာ မတတ်နိုင်ပါဘူး။ အဲဒီတော့ ဒါတွေကို ကျွန်တော်တို့ လုပ်ပါတယ်။

ဒီနေရာမှာ လုပ်တဲ့အခါမှာ ကျွန်တော် တစ်ချက်ပြောချင်တာကတော့ ကျွန်တော်တို့ကို ဘတ်ဂျက်တွေလည်း အစိုးရက အများကြီးပေးပါတယ်။ အခု ကျွန်တော်တို့ အတွေ့အကြုံအရ ဒီ ၂၀၁၇-၂၀၁၈ ပေါ့။ ကြည့်တဲ့အခါမှာ ကျွန်တော်တို့က ဘတ်ဂျက်ကို သမ္မတရုံးရဲ့ညွှန်ကြားချက် (၁/၂၀၁၇) နဲ့ တင်ဒါခေါ်ယူရေးကိစ္စတွေ၊ ကျွန်တော်တို့ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနဆီမှာ ဝယ်ယူရေးနှင့် ဖြန့်ဖြူးရေးကို ကျွန်တော် ယူနစ်ကြီး အကြီးကြီးတစ်ခု ထူထောင်လိုက်ပါတယ်။ ဒုတိယညွှန်ကြားရေးမှူးချုပ်ဦးစီးတဲ့ အဖွဲ့နဲ့လုပ်နေပါတယ်။ စနစ်တကျ၊ သေသေချာချာလုပ်တဲ့အခါ ကျွန်တော်တို့ ပိုက်ဆံတွေတော်တော် ထွက်လာပါတယ်။ ကျွန်တော်တို့ မဝယ်သင့်တာ မဝယ်ဘူး။ ဝယ်သင့်တာ ဝယ်မယ်။ Tender Process ကလည်း သေချာကိုင်တွယ်တယ်။ ကိုင်တွယ်တဲ့အခါမှာ သက်ဆိုင်ရာ ပါမောက္ခ၊ ဌာနမှူးတွေလည်း အကုန် ပါ ပါတယ်။ တော်တော်လေး ပိုက်ဆံထွက်လာပါတယ်။ ရှေ့ဆက်ပြီး ကျွန်တော်တို့က ဒါကို သေသေချာချာလုပ်လို့ရှိရင် ဒီထက်ပိုက်ဆံက နောက်ထပ်ပြီးမှ ပိုထွက်ဖို့ရှိပါတယ်။ ပိုထွက်မယ်ဆိုရင် ခုနက အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီးပြောတဲ့ အတိုင်း ဒီပစ္စည်းတွေက ကျွန်တော်တို့က ပေးလို့ရတယ်။ အဲဒီလို သဘောရှိပါတယ်။

အဲဒီတော့ နောက်တစ်ချက်က ကျွန်တော်တို့ Distribution System မှာလည်း ကျွန်တော်က သေသေချာချာ ပီပြင်အောင်လုပ်နေပါတယ်။ Distribution System မကောင်းတဲ့အတွက်လည်းကောင်း၊ ကျွန်တော်တို့ Store မှာထားတဲ့ Computerized System မရှိတဲ့အတွက်ကြောင့် ဆေးများ၊ ပစ္စည်းများဟာ ပျက်စီးဆုံးရှုံးမှု အများကြီးပါပဲ။ သန်းနဲ့ချီပါတယ်။ အခုတော်တော်ကို နည်းသွားပါပြီ။ ရှေ့ဆက်လာမယ့်နှစ်တွေမှာလည်း ဒါထက်နည်းဖို့က သေချာပါတယ်။ Systematize ပေါ့။ ကျွန်တော်တို့ ကျန်းမာရေးစနစ်ပေါ့ (Health Care delivery) မှာ Subsystem တွေ အများကြီး ရှိတယ်။ System တစ်ခုလုံးကို ကျွန်တော်က Systematize ပြန်လုပ်တယ်။ ပီပြင်အောင်။ အဲ့ဒါပီပြင်လို့ရှိရင် အေးအေးဆေးဆေးပဲ။ ဒါဖြစ်သွားရင် ကျွန်တော်တို့က နောက်အသာလေး လျှောက်သွားလို့ရတယ်။ ကျွန်တော်တို့က အခုအခြေအနေမှာ (၂)နှစ်အတွင်းမှာ Subsystem တစ်ခုချင်း တစ်ခုချင်းကို ကျွန်တော်တို့က Systematize စနစ်တကျဖြစ်အောင် ကျွန်တော်တို့ လုပ်နေပါတယ်။ အလေအလွင့် အမြဲရှိတယ်။ ထို့အပြင် Systematize လုပ်တာနဲ့ Monitoring process ဆိုတာ ကျွန်တော်တို့ ထည့်နေပါတယ်။ (Procurement and Distribution) ဝယ်ယူရေး၊ ဖြန့်ဖြူးရေးကို အပေါ်ကနေ ပြီးတော့ Monitor လုပ်နေပါတယ်။ Checking လုပ်ပြီး။ ဒါတွေလုပ်တဲ့အတွက် မကြာခင်မှာတော့ ဒါတွေဟာ တော်တော်ပီပြင်လာမှာပါ။

ကျွန်တော်တို့ နောက်တစ်ချက်က ဆေးဆိုင်တွေ၊ ဆေးရုံတွေမှာ ဆေးဆိုင်တွေဖွင့်ဖို့နဲ့ အစိုးရအဖွဲ့ Cabinet ကိုတင်ပြီးတော့ Cabinet က Approve ဖြစ်ပါတယ်။ ဥပမာဆိုလို့ရှိရင် ဒီဆေးဆိုင်မှာရောင်းတဲ့ဆေး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီး ပြောတာက ကောင်းပါတယ်။ ဆေးတင်မကပါဘူး။ အသုံးများတဲ့ ခုနကပြောတဲ့ စတီးလ်ချောင်း (Interlocking Nail) တွေပါ ကျွန်တော်တို့ ထားထားမယ်။ ထားထားမယ်ဆိုရင် ပြည်သူများသည် Quality (အရည်အသွေး) ပြည့်မှန်တာကို ဈေးနှုန်းမှန်ကန်ရမယ်။ ဒီဆေးဆိုင်တွေလည်း ကျွန်တော်တို့က ဆေးရောင်းတဲ့ ကုမ္ပဏီ

တွေနဲ့တိုက်ရိုက်ချိတ်ပြီး လုပ်တဲ့အခါကျတော့ Quality ရှိတဲ့ဆေးရပါမယ်။ အများကြီး အမြတ်မယူပါဘူး။ ဥပမာ ရန်ကုန်ကလေးဆေးရုံမှာ တော်တော်အောင်မြင်နေပါတယ်။ (၁၀)ရာခိုင်နှုန်းပဲ အမြတ်တင်ပါတယ်။ ဆေးတွေကလည်း လုံးဝစိတ်ချရတယ်။ ဘာကြောင့်လဲဆိုတော့ ကျွန်တော်တို့က သက်ဆိုင်ရာ FDA Approve ဖြစ်တဲ့ဆေးတွေဝယ်တယ်။ ကုမ္ပဏီကလည်း Approve ဖြစ်တဲ့ ကုမ္ပဏီဖြစ်တဲ့အတွက် Quality ကောင်းတဲ့ဆေးတွေရပါတယ်။ ဒါကတော့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီးပြောတဲ့၊ ခုနပြောတဲ့ Stent တို့၊ Pacemaker တို့၊ ဒီ အသုံးများတဲ့ Interlocking nail ဟာတွေက ရှိရင် ဒီနေရာက ဝယ်လိုက်ရင် စစ်မှန်သောဈေးနဲ့ရမှာပါ။

အဲဒီတော့ ကျွန်တော်ဒီမှာကြည့်တဲ့အခါမှာလည်း ဒီ Nail တစ်ခုဟာ အရင်တုန်းကတော့ ဈေးတော်တော်များပါတယ်။ အခုဟာ ကုမ္ပဏီက(၆)ခုဖြစ်တဲ့အခါကျတော့ တစ်ယောက်နဲ့တစ်ယောက် ပြိုင်ရင်းနဲ့ ကျပ်(၁၃၀၀၀၀)ကနေ ကျပ်(၁၆၀၀၀၀)လောက် ကြားမှာပဲဖြစ်ပါတယ်။ အဲဒီတော့ ဒီဥစ္စာကလည်း အများကြီး ကျွန်တော်တို့ကလည်း ဝယ်ပါတယ်။ ဝယ်တဲ့အခါမှာ ကျွန်တော်တို့က အတိအကျပြောရမယ်ဆိုလို့ရှိရင်တော့ ကျွန်တော်တို့အစိုးရအနေနဲ့ ပစ္စည်းချပေးတာ ဆေးဖိုး ပိုက်ဆံပါတယ်။ Equipment ဖိုးပါတယ်။ Equipment မှာ Capital Equipment ပေါ့။ စက်တွေဝယ်တာ။ နောက် Consumable ဒီဥစ္စာတစ်ခါသုံးဖြစ်တယ်။ အဲဒါ Consumable ပါတယ်။ အဲဒီတော့ Equipment ဝယ်ဖို့အတွက်ကို အစိုးရကနေပြီးတော့ ကျပ်(၄၃.၈)ဘီလီယံ ပေးထားပါတယ်။ အဲဒီ ကျပ်(၄၃.၈)ဘီလီယံသည် Ortho ပေါ့။ အရိုးနဲ့ပတ်သက်ပြီး ဝယ်တဲ့ပစ္စည်းက ကျပ်(၂.၂၈) ဘီလီယံ သုံးပါတယ်။ ဒါတွေက Microoperating Set တို့၊ Basic Operation Sets တို့၊ C-arm နဲ့ ခွဲတဲ့အခါမှာ တစ်ခါတည်း ကြည့်တာတို့ Microvascular Sets တွေ အကုန်လုံးဝယ်တယ်။ ဒါက Equipment။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီးပြောတဲ့ ဒီ Interlocking Nail ပေါ့၊ စတီးလ်ချောင်းဆိုတာက Consumable ထဲမှာပါတယ်။ Consumable ဝယ်ဖို့အတွက်ကို အကုန်လုံးပေါ့။ ဒီ Ortho တင်မကပါဘူး။ ဦးနှောက်ခွဲစိတ်ရာတွင် အသုံးပြုရန် ကိရိယာ အစရှိသည်တို့ ဝယ်ဖို့ရာ ကျပ် (၁၂၅.၂၉) ဘီလီယံ လျာထားပါတယ်။ အဲဒီ လျာထားတဲ့အနက်က (၀.၂၈)ဘီလီယံ သို့မဟုတ် ကျပ်သိန်း (၂၈၀၀) ကတော့ ခုနကပြောတဲ့ စတီးလ်ချောင်းတွေ ဝယ်မယ်။ ဒီ Ortho နဲ့ပတ်သက်တဲ့ဟာတွေ ဝယ်ဖို့လိုပါတယ်။ ကျပ်သိန်း(၂၈၀၀) ကျွန်တော်တို့ရှိပါတယ်။ အဲဒီတော့ ဒီ ကျပ်သိန်း(၂၈၀၀)မှာရှိတဲ့ ဒီ ၂၀၁၇-၂၀၁၈ မှာ စတီးလ်ချောင်းပေါင်း(၂၀၀၀) ဝယ်ထားပါတယ်။ အခု လောလောဆယ်။ ဒီ Interlocking Nail (၂၀၀၀)။ ခုနပြောတဲ့ Capital ကနေပြီးတော့ ကျပ်(၂.၂၈) ဘီလီယံဟာဆိုလို့ရှိရင် ကျပ်(၄၃.၈) ဘီလီယံထဲကဆိုရင် ခွဲစိတ် (Ortho)ပေါ့လေ။ အရိုးနဲ့ပတ်သက်တာကို ကျပ်သိန်းပေါင်း(၂၀၀၀၀) ကျော် ဝယ်ပါတယ်။ ကျပ်သိန်းပေါင်း(၂၀၀၀၀)ကျော်ပါ။ အဲဒီတော့ တော်တော်လည်း ဝယ်နိုင်ပါတယ်။ ကျွန်တော်တို့ အဲဒီလိုရှိပါတယ်။ ခုနက လွှတ်တော်ကိုယ်စားလှယ်ကြီး သူ့မေးခွန်းထဲမှာလည်း ပါ ပါတယ်။ သူက စတီးလ်ချောင်းတွေကို တချို့ဆိုလို့ရှိရင် ကျပ်(၁၀)သိန်းမက တောင်းတယ်ဆိုတာတော့ နည်းနည်းများပါတယ်။ ကျပ်တစ်သိန်းခွဲဟာကို ကျပ်(၁၀)သိန်းဆိုတာ မဖြစ်နိုင်တဲ့အတွက် ကျွန်တော်တို့ကတော့ အခု အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီး ပြောတဲ့အတိုင်းပဲ ဆေးရုံတွေမှာ ကျွန်တော်တို့ တင်လိုက်ရင် ချက်ချင်းရပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီး ပြောတဲ့အတိုင်း ကြည့်မြင်တိုင်ဆေးရုံမှာ လုပ်ပါတယ်။ ကျွန်တော်တို့ ပါမောက္ခနဲ့လည်း ဆွေးနွေးပြီးပါပြီ။ သူတို့ဆေးရုံမှာ အဲဒီလောက်ပါပဲ။

ဝယ်လိုက်ရင် ကျပ်(၁၃၀၀၀၀)ကနေ ကျပ်(၁၆၀၀၀၀)ကျတယ်။ များသောအားဖြင့် ကျွန်တော်တို့ ဝယ်တာ တရုတ်နဲ့ အိန္ဒိယက ဝယ်ပါတယ်။ အဲဒီက စတီးလ်ချောင်းတွေ သုံးပါတယ်။ အခု အမေရိကတို့၊ ဘာတို့ကလာတဲ့ စတီးလ်ချောင်းသုံးရင်တော့ ကျပ်ငါးသိန်းလောက်ဖြစ်ရင် ဖြစ်မယ်။ ကျပ်ခြောက်သိန်းဖြစ်ရင် ဖြစ်မယ်။ ဒါကိုတော့ ကျွန်တော်တို့ မသုံးပါဘူး။ ဒီ တရုတ်နဲ့ အိန္ဒိယ စတီးလ်ချောင်းတွေကလည်း Quality ရှိတဲ့အတွက် ကျွန်တော်တို့က တော်တော်လေး အဆင်ပြေပါတယ် အဲဒါတွေ။

နောက်တစ်ချက်က ဒီနေရာမှာ ကျွန်တော်တို့ တစ်ခုတင်ပြချင်တာ ကျွန်တော်တို့ ဒီဟာတင် မကဘူး။ ကျွန်တော်တို့ကို အခြားနိုင်ငံတွေက လာကူတဲ့နိုင်ငံတွေရှိပါတယ်။ အများကြီးပါ။ ဥပမာ တစ်ခုပေးမယ်ဆိုရင် ကျွန်တော်တို့ ဒီဇင်ဘာ ၂၅ ရက်နေ့က ဘယ်သူလာပါလဲဆိုရင် ဒီ SIGN ပေါ့ Surgical Implant Generation Network ကနေပြီးတော့၊ လာပြီးတော့ ကျွန်တော်တို့ ပြည်သူ့ဆေးရုံ(၉)ရုံနဲ့ တပ်မတော်ကဆေးရုံ(၂)ရုံမှာ လာပြီးတော့ ခွဲစိတ်ပေးတဲ့အပြင် သူတို့က စတီးလ်ချောင်း ပေါင်း(၉၁၂)ချောင်းကို လှူသွားပါတယ်။ ပေါင်းလုပ်တာကတော့ AMFA ပေါ့လေ၊ Franco- Asiatic Take Medical Association Network ဒီလိုနဲ့လည်း ကျွန်တော်တို့ အပြင်ကနေ ရတာတွေ ရှိပါတယ်။ အဲဒါလေးကို ကျွန်တော်တို့တင်ပြတာပါ။

နောက်တစ်ချက်က ဒီဟာ ကျွန်တော်က Point တွေပဲ ကျွန်တော်က ရေးထားတဲ့ အတွက်ကြောင့်။ အဲဒီတော့ ကျွန်တော် ဒီမှာ အရေးကြီးဆုံးတစ်ချက်ကို တင်ပြချင်တာက လွှတ်တော်ကိုယ်စားလှယ်ကြီး ပြောတာ အရမ်းမှန်ပါတယ်။ Accident ဒါက ကျွန်တော်တို့ ပျောက်အောင်လုပ်လို့ မရပါဘူး။ မော်တော်ဆိုင်ကယ် Accident လူတစ်ယောက်လာလိုက်တာနဲ့ (၁) ဦးနှောက်၊ အာရုံကြောခွဲစိတ်၊ ဦးနှောက်၊ အာရုံကြော Physician လိုတယ်။ Ortho paedics အရိုးဆရာဝန်ပါမယ်။ နောက်ပြီးတော့ အထဲမှာ Multiple Injuries ရရင် Surgeon ပါမယ်။ ထို့အပြင် သူလာပြီဆိုလို့ရှိရင် သူ့ကို ဓာတ်မှန် ရိုက်ရတော့မယ်။ သွေးသွင်းဖို့လိုရင် သွေးတွေအရင်စစ်ရမယ်။ ခွဲရမယ်။ ပိုက်ဆံ အများကြီးကုန်မယ်။ မေ့ဆေးဆရာဝန်လိုတယ်။ မေ့ဆေးတွေသုံးရမယ်။ ပြီးရင် မဆင်းသေးဘူး။ ဆေးရုံမှာ အရိုးကျိုးရင် (၁)လခွဲ၊ (၂)လ နေရဦးမယ်။ ဆိုလိုတာက လူနာတစ်ယောက်လာလိုက်တာနဲ့ ကျွန်တော်တို့ ဆရာဝန်၊ ဆရာမများသည် အလွန်အလုပ်များပြီးတော့ အစိုးရမှာ ပိုက်ဆံအများကြီး ကုန်လိမ့်မယ်။ ဒီကိစ္စမှာ ကျွန်တော် တင်ပြချင်တာကတော့ ဒီကိစ္စကို ဦးထုပ်မဆောင်းရင် အရေးယူပါ။ ကျွန်တော်တို့က အရေးယူလို့ မရဘူး။ ယာဉ်ထိန်း၊ ပြည်ထဲရေးက လုပ်ရမယ်။ ထားပါတော့။ ကျွန်တော်တို့နိုင်ငံမှာ Accident ကို ကျွန်တော်ကြည့်တဲ့အခါမှာ အခြေအနေတော်တော်ဆိုးပါတယ်။ Accident တွေက Trend တက်နေတယ်။ ဥပမာအားဖြင့် Accident ဖြစ်တဲ့ လူ(၁၀၀၀)လာနေရာက နေပြီးတော့ လူ(၅၀၀)ပဲ လျှော့လိုက်ဦး၊ လူ(၃၀၀)ပဲ လျှော့လိုက်ဦး ကျွန်တော်တို့နိုင်ငံမှာ ပိုက်ဆံတွေအများကြီး ထွက်လာမယ်။ ဒါပိုက်ဆံကို ကျွန်တော် မပြောဘူး။ ကျွန်တော် ဘာကိုဆိုလိုသလဲဆိုတော့ ဒီဆရာဝန်၊ ဆရာမများသည် နည်းပါးသောလူနာကို ကုတဲ့အတွက် အရည်အသွေးပြည့်မီတဲ့ ဝန်ဆောင်မှုကို ပေးနိုင်မယ်။ ထို့ပြင် ဒီလူနာဟာ မဖြစ်တဲ့အတွက် သူ့အနေနဲ့ မိသားစုမှာ Stress လည်းမရှိဘူး။ အရမ်းပဲ။ အိမ်ထောင်စုတစ်ခုမှာ အိမ်ထောင်ဦးစီး ကားတိုက်လို့သေသွားရင် အများကြီးပဲ။ သူ့အနောက်မှာ နောက်ဆက်တွဲတွေက အများကြီးရှိတယ်။ အဲဒီတော့ ကျွန်တော်ဒီနေရာမှာ လွှတ်တော်ကိုယ်စားလှယ်

ကြီးများကို တင်ပြချင်တာက မိမိသက်ဆိုင်ရာ တိုင်းနဲ့ပြည်နယ်မှာ လွှတ်တော်ကိုယ်စားလှယ်ကြီးများ သက်ဆိုင်ရာအစိုးရအဖွဲ့နဲ့ တိုင်ပင်ပြီးတော့ ဦးထုပ်မဆောင်းမနေရ လုံးဝအရေးယူလို့ရှိရင် မော်တော်ဆိုင်ကယ် Accident ၊ ကား Accident နည်းသွားတာနဲ့ ကျွန်တော်တို့ ကျန်းမာရေးနဲ့ ဝန်ဆောင်မှုမှာလည်း ဒါထက်ကောင်းတဲ့ Quality ဖြစ်တဲ့အပြင် ပိုက်ဆံလည်းပိုလာပြီးတော့ စတီးလ်ချောင်း အခု (၂၀၀၀) ဝယ်တယ်။ နောက်(၆၀၀၀) ဝယ်လို့ရတယ်။ ဥပမာ၊ ဥပမာပြောတာပါ။ စတီးလ်ချောင်း မဝယ်ဘဲနဲ့ ကျွန်တော် Stent တွေ ဝယ်မယ်။ နှလုံးမှာသွင်းတာ။ Pacemaker ဝယ်မယ်။ အများကြီး ဝယ်လို့ရတယ်။ ဆိုလိုတာက ကျွန်တော်တို့က ကုတာတင်မကဘူး။ ကုသအောင် မလိုဖို့။ အဲဒီဟာတွေ လုပ်မယ်။ အဲဒီတော့ တစ်ချက်တည်းပဲ ကျွန်တော်တို့က ဘာလဲဆိုတော့ ဒီလိုလူနာနည်းဖို့က ပြည်သူ့ကျန်းမာရေး အသိဉာဏ်ရှိရမယ်။ ဒီ Ortho တင်မကပါဘူး။ Accident တင်မကပါဘူး။ ကျန်တဲ့ ရောဂါတွေအဖြစ်များလို့ ကျွန်တော်တို့က ပြည်သူ့ကျန်းမာရေးကို အားမြှင့်နေတဲ့အတွက် ပြည်သူတွေမှာ ကျန်းမာရေးအသိဉာဏ်မြှင့်ဖို့အတွက်ကို Health Literacy Promotion ကို လုံးဝလုပ်နေပါတယ်။ ဟိုတစ်နေ့က ကျွန်တော် ပြောတဲ့အတိုင်းပဲ ထုတ်ပြီးပါပြီ စာအုပ်၊ ဒါကို ကျွန်တော် Tablets (၂၀၀၀၀)ဝယ်မယ်။ (၂၀၀၀၀)ဝယ်ပြီး ကျွန်တော်တို့ ဝန်ထမ်းတွေ အကုန်ပေးပြီး ပညာပေးလုပ်ငန်းတွေကို တိုင်းဒေသကြီးနဲ့ပြည်နယ် လိုက်လုပ်ပါမယ်။ ဟိုတစ်နေ့က ကျွန်တော်ပြောတဲ့အတိုင်းပဲ စစ်ကိုင်းတိုင်းဒေသကြီးမှာ ဝန်ကြီးချုပ်ကိုယ်တိုင် ကြွပြီးတော့၊ လူမှုရေးဝန်ကြီးကြွပြီးတော့ ကျွန်တော်တို့ ဒါကိုလုပ်ပါတယ်။ ဒါ အလွန်ကောင်းပါတယ်။ တိုင်းဒေသကြီးနဲ့ပြည်နယ် တစ်ခုပြီးတစ်ခု လာမှာပါ။ ဒါတွေလုပ်လို့ရှိရင် ဆိုလိုတာက ကျွန်တော်တို့မှာ လူနာတွေ တဖြည်းဖြည်းနည်းသွားမယ်။ မဟုတ်လို့ရှိရင် ပြီးရင် ကျွန်တော်တို့က ဗိုက်နာရင် ဂျဲလမက် ပေးတာမျိုး၊ Symptomatic Treatment ပဲပေးနေရင်တော့ ဂျာအေး သူ့အမေရိုက်သလို ဆက်တိုက်သွားမှာပါ။ ဝင်လာတာကို လူနာဦးရေနည်းအောင် ကျွန်တော်တို့ ဘယ်လိုလုပ်ရမလဲဆိုတာ ကျွန်တော်စဉ်းစားနေတယ်။ စဉ်းစားတာမဟုတ်ဘူး။ လုပ်နေပါတယ် အဲ့ဒါကြောင့်။ အဲဒီတော့ ဒီမှာလည်း ကျွန်တော် Root Cause ပေါ့လေ။ အခြေခံအရင်းအမြစ်၊ ဇစ်မြစ်ကို ကျွန်တော်တို့က အဲဒါလုပ်ဖို့ရှိပါတယ်။

ဒီနေရာမှာ ကျွန်တော် တစ်ခုတင်ပြချင်တာကတော့ ကျွန်တော်တို့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှာရှိတဲ့ ဆရာဝန်၊ ဆရာမ၊ Technicians တွေမှာ နေ့မအား၊ ညမနား သေသေချာချာလုပ်နေပါတယ်။ အဲ့ဒါကိုတော့ ကျွန်တော် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးများကို တင်ပြချင်တယ်။ တတ်နိုင်သမျှလည်း ကျွန်တော် ဆရာဝန်ကျင့်ဝတ်၊ သူနာပြုကျင့်ဝတ်၊ ပြည်သူ့ကျန်းမာရေးကျင့်ဝတ်၊ သုတေသနကျင့်ဝတ်နှင့်အညီ လုပ်ဆောင်လျက်ရှိပါတယ်။ သို့သော်လည်း ဒီနေရာမှာတော့ တချို့အနည်းအပါးကတော့ ရှိမှာပေါ့။ အကုန်လုံးကတော့ ၁၀၀ % ဒီလို Perfect မဖြစ်နိုင်ပါဘူး။ အဲဒီတော့ ကျွန်တော့်အနေနဲ့က အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီး ပြောတဲ့အတိုင်း ဒီမေးခွန်းက အလွန်အရေးကြီးတဲ့အတွက် ဒါတင်မကပါဘူး။ ကျန်တဲ့ကိစ္စတွေမှာလည်း အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီးပြောတဲ့အတိုင်းကို ကျွန်တော်တို့ သေသေချာချာ အမှန်တကယ် ကြိုးစားပြီး ပြည်သူတွေကို ကောင်းသောဝန်ဆောင်မှုများကို နေ့မအား၊ ညမနား ဆက်လက်လုပ်မယ်။ အဲဒီတော့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီးကလည်း ကျွန်တော်တို့ကို ပံ့ပိုးပေးပါ။ ရှိတာလေးကို ကျွန်တော်တို့ မေးခွန်းမမေးဘဲနဲ့ တိုက်ရိုက်၊ ဒီမေးခွန်းမှာဆိုရင် ကျွန်တော့်ကို တိုက်ရိုက်စာပေး

လိုက်လို့ရှိရင် ကျွန်တော် တိုက်ရိုက်တစ်ခါတည်းလုပ်လိုက်ရင် တစ်ခါတည်းကိစ္စ ပြတ်ပါတယ်။ အားလုံးကို ကျွန်တော် အဲဒီလောက်ပဲ ဖြေပါမယ်။ ကျေးဇူးအများကြီးတင်ပါတယ်။ ကျေးဇူးပါ။ (သြဘာသံများ)

**အချိန်၊ ၁၀း၄၂။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းလာရောက် ဖြေကြားပေးတဲ့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး မိမိအစီအစဉ် ပြီးဆုံးလျှင် ပြန်လည်ထွက်ခွာနိုင်ပါတယ်။

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီက တာဝန်ပေးအပ်သော ကော်မတီဝင်က ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ကာကွယ်ရေးနှင့် သဘာဝနယ်မြေများထိန်းသိမ်းရေး ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ပြန်လည်ဖတ်ကြား ရှင်းလင်းခြင်း**

**အချိန်၊ ၁၀း၄၂။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၆) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာတဲ့ တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ကာကွယ်ရေးနှင့် သဘာဝနယ်မြေများထိန်းသိမ်းရေး ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ကော်မတီက ပြန်လည်ဖတ်ကြား ရှင်းလင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၄၄။**

**ဒေါ်နန်းနီနီအေး(ကော်မတီဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများအားလုံး မင်္ဂလာပါရှင်။ ကျွန်မကတော့ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆) မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဝင် နန်းနီနီအေး ဖြစ်ပါတယ်ရှင်။ ကော်မတီရဲ့ကိုယ်စား တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ကာကွယ်ရေးနှင့် သဘာဝနယ်မြေများ ထိန်းသိမ်းရေးဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်းအစီရင်ခံစာကို လွှတ်တော်သို့ ဖတ်ကြားတင်ပြပါမယ်ရှင်။

**အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏**
**တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ကာကွယ်ရေးနှင့် သဘာဝနယ်မြေများ**
**ထိန်းသိမ်းရေးဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်း အစီရင်ခံစာ**

စာအမှတ်၊ ၁/အမ (ကော်မတီ-၁)၁/၂၀၁၈ (၀၈၆)

ရက်စွဲ၊ ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၅ ရက်

၁။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ကာကွယ်ရေးနှင့် သဘာဝနယ်မြေများထိန်းသိမ်းရေး ဥပဒေကြမ်းနှင့် စပ်လျဉ်းသည့် အစီရင်ခံစာကို ၁၇-၁-၂၀၁၈ ရက်နေ့တွင် အမျိုးသားလွှတ်တော်သို့ တင်သွင်းခဲ့ပါသည်။ ယင်းဥပဒေကြမ်းနှင့်

စပ်လျဉ်း၍ ဒေါက်တာခွန်ဝင်းသောင်း၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)၊ ဦးခင်မောင်မြင့်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)၊ ဦးဝင်းဖော်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)၊ ဦးပူဂင်ကမ်းလျန်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)၊ ဦးမိုင်းအုဏ်းခိုင်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)၊ ဦးတင်အောင်ထွန်း၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)၊ ဦးစခင်ဖော်လင်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)နှင့် ဦးစိုးသိန်း(ခ)ဦးမောင်စိုး၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)တို့က ၂၃-၁-၂၀၁၈ ရက်နေ့တွင် အကြံပြုဆွေးနွေးခဲ့ကြပါသည်။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီဟာ ဒီဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပြည်သူ့လွှတ်တော်၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီ၊ World Wildlife Fund - Myanmar မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ၃၁-၁-၂၀၁၈ ရက်နေ့မှာ တွေ့ဆုံညှိနှိုင်း ဆွေးနွေးခဲ့ကြပါသည်။

**လေ့လာတွေ့ရှိချက်**

၂။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များကာကွယ်ရေးနှင့် သဘာဝနယ်မြေများ ထိန်းသိမ်းရေးဥပဒေကြမ်းကို လေ့လာစိစစ်ရာတွင်-

(က) ဥပဒေ၏ အနှစ်သာရ ပေါ်လွင်စေရန်အတွက် ပြည်သူ့လွှတ်တော်က အတည်ပြုသည့် ဥပဒေကြမ်းခေါင်းစဉ်ကို ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ ဥပဒေ ဆိုသည့်စကားရပ်အစား ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝထိန်းသိမ်းရေး နယ်မြေများကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ ဥပဒေဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ အဓိပ္ပာယ်ရှင်းလင်းမှုရှိစေရန်အတွက် ဥပဒေကြမ်းတွင် ပါရှိသော အစိုးရ ဆိုသည့် စကားရပ်ကို အစိုးရအဖွဲ့ ဆိုသည့်စကားရပ်ဖြင့် အစားထိုးပြင်ဆင်သင့်ကြောင်း လေ့လာတွေ့ရှိရပါသည်။

(ခ) အဓိပ္ပာယ်ပိုမိုပြည့်စုံမှုရှိစေရန်အတွက် ပြည်သူ့လွှတ်တော်က အတည်ပြုသည့် အပိုဒ် ၂၊ အပိုဒ်ခွဲ(ခ)တွင် ဖော်ပြထားသော တစ်သျှူး၊ အသားစနှင့် သွေးရည်များလည်း ပါဝင်သည် ဆိုသည့်စကားရပ်ကို တစ်သျှူး၊ အသားစ၊ သွေးရည်နှင့် အစိတ်အပိုင်း များလည်းပါဝင်သည် ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ်ခွဲ(စ)တွင် ဖော်ပြထားသော ထိခိုက်မှု အနည်းဆုံးဖြစ်စေမည့် ထုတ်ယူသုံးစွဲခြင်းနှင့် ဆိုသည့် စကားရပ်ကို ထိခိုက်မှုအနည်းဆုံးဖြစ်စေမည့် နည်းလမ်းများဖြင့် ထုတ်ယူသုံးစွဲခြင်းနှင့် ဆိုသည့်စကားရပ်ဖြင့် လည်းကောင်း၊ အပိုဒ်ခွဲ(ဈ)နှင့် အပိုဒ်ခွဲ(ည)တို့တွင် ဖော်ပြထားသော အခကြေးငွေယူ၍ အများပြည်သူ ကြည့်ရှုလေ့လာအပန်းဖြေနိုင်ရန် ဆိုသည့်စကားရပ်ကို အခကြေးငွေယူ၍သော်လည်းကောင်း၊ အခမဲ့သော်လည်းကောင်း အများပြည်သူကြည့်ရှုလေ့လာအပန်းဖြေနိုင်ရန် ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ်ခွဲ(ဃ)၏ နောက်တွင် အပိုဒ်ခွဲ(ဏ)အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်သင့်ကြောင်း လေ့လာတွေ့ရှိရပါသည်-

(ဏ) အစိုးရအဖွဲ့ဆိုသည်မှာ ပြည်ထောင်စုအစိုးရအဖွဲ့ကို ဆိုသည်။

(ဂ) ပြည်သူ့လွှတ်တော်က အတည်ပြုသည့် ဥပဒေကြမ်း အပိုဒ် ၆၊ အပိုဒ်ခွဲ(ဃ)တွင် ဖော်ပြထားသော စကားရပ်များအစား သဘာဝနယ်မြေများ သတ်မှတ်ရေးနှင့် တိရစ္ဆာန်ဥယျာဉ် သို့မဟုတ် ရုက္ခဗေဒဥယျာဉ် တည်ထောင်ရေးအတွက် သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းများနှင့် ညှိနှိုင်းပေးခြင်း၊ ဒေသခံတိုင်းရင်းသားပြည်သူ များ၏ အကြံပြုချက်များအပေါ် ညှိနှိုင်းဆောင်ရွက်ခြင်း ဆိုသည့်စကားရပ်ဖြင့် လည်းကောင်း၊ ပိုမိုပြည့်စုံမှုရှိစေရန်အတွက် အပိုဒ် ၉၊ အပိုဒ်ခွဲ(င)တွင် ဖော်ပြထား သော လုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် ပဏာမစိစစ်ရေးအဖွဲ့ကို ဖွဲ့စည်း၍ တာဝန်ပေးရမည် ဆိုသည့်စကားရပ်ကို လုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် ဒေသခံ တိုင်းရင်းသားပြည်သူများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ကိုယ်စားလှယ် များ၊ သက်ဆိုင်ရာကျွမ်းကျင်ပညာရှင်များ အပါအဝင်ဖြစ်သည့် ပဏာမစိစစ်ရေး အဖွဲ့ကို ဖွဲ့စည်း၍ တာဝန်ပေးအပ်ရမည် ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ် ၁၃၊ အပိုဒ်ခွဲ(ဂ)တွင် ဖော်ပြထားသော တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင် များနှင့် အလဲအလှယ်ပြုလုပ်နိုင်သည် ဆိုသည့်စကားရပ်ကို တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များနှင့် လဲလှယ်ခြင်း သို့မဟုတ် လက်ခံရယူခြင်းပြုလုပ်သည် ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ် ၂၁၊ အပိုဒ်ခွဲ(ဂ)တွင် ဖော်ပြထားသော ပါမစ် သို့မဟုတ် အခြားစရိတ်ကြေးငွေများကို ပေးဆောင်ရမည် ဆိုသည့်စကားရပ် ကို ပါမစ် သို့မဟုတ် အခြားစရိတ်ကြေးငွေများကို သစ်တောဦးစီးဌာနက သတ်မှတ် ထားသည့်အတိုင်း ပေးဆောင်ရမည် ဆိုသည့်စကားရပ်ဖြင့် အသီးသီးအစားထိုး ပြင်ဆင်သင့်ကြောင်း လေ့လာတွေ့ရှိရပါသည်။

(ဃ) အရေးအသား ကျစ်လျစ်မှုရှိစေရန်နှင့် ဥပဒေရေးထုံး မှန်ကန်မှုရှိစေရန်အတွက် ပြည်သူ့လွှတ်တော်က အတည်ပြုသည့် ဥပဒေကြမ်း အပိုဒ် ၃၆ ကို အပိုဒ် ၃၈ အဖြစ် ပြောင်းလဲပြင်ဆင်ပြီး အောက်ပါအတိုင်း အစားထိုးပြင်ဆင်သင့်ကြောင်း လေ့လာ တွေ့ရှိရပါသည် -

၃၈။ (က) ပုဒ်မ ၃၃၊ ပုဒ်မ ၃၄ နှင့် ပုဒ်မ ၃၅ တို့အရ ချမှတ်သည့် စီမံခန့်ခွဲရေး ဆိုင်ရာ အမိန့်ကို မကျေနပ်သူသည် ယင်းအမိန့်ချမှတ်သည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း ဝန်ကြီးဌာနသို့ အယူခံနိုင်သည်။

(ခ) ဝန်ကြီးဌာနသည် ပုဒ်မခွဲ(က)အရ အယူခံမှုအပေါ် အတည်ပြုခြင်း သို့မဟုတ် ပြင်ဆင်ခြင်းပြုနိုင်သည်။

(ဂ) ဝန်ကြီးဌာန၏ အဆုံးအဖြတ်သည် အပြီးအပြတ်ဖြစ်သည်။

(င) တောရိုင်းတိရစ္ဆာန်များနှင့် သဘာဝအပင်များကို ထိထိရောက်ရောက် အကာအကွယ် ပေးနိုင်ရန်အတွက် ပြည်သူ့လွှတ်တော်က အတည်ပြုသည့် ဥပဒေကြမ်း အပိုဒ် ၃၇ ခြေဆင်းတွင် ဖော်ပြထားသော စကားရပ်များအစား မည်သူမဆို အောက်ပါ ပြုလုပ်မှု

တစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး (၃)နှစ်မှ အများဆုံး (၁၀)နှစ်ထိ ထောင်ဒဏ်ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည် ဆိုသည့်စကားရပ်ဖြင့် လည်းကောင်း၊ အရေးအသားရှင်းလင်းမှုရှိစေရန်အတွက် အပိုဒ် ၄၄၊ အပိုဒ်ခွဲ(ဂ)တွင် ဖော်ပြထားသော စကားရပ်များအစား မျိုးဆက်ပျက်သုဉ်းမည့် အန္တရာယ်ရှိသဖြင့် ကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ၏ အစိတ်အပိုင်းတို့ကို တရားဝင်ခွင့်ပြုချက်ရယူပြီး ဖော်စပ်ထားသော ဆေးဝါးနှင့် လူသုံးပစ္စည်းများကို လက်ဝယ်ထားခြင်း၊ အသုံးပြုခြင်း၊ ရောင်းချခြင်း၊ သယ်ဆောင်ခြင်း သို့မဟုတ် လွှဲပြောင်းခြင်းနှင့် မသက်ဆိုင်စေရ။ ဆိုသည့် စကားရပ်ဖြင့် အသီးသီးအစားထိုးပြင်ဆင်သင့်ကြောင်း လေ့လာတွေ့ရှိရပါသည်။

## ကော်မတီ၏ သဘောထားမှတ်ချက်

၃။ သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ကာကွယ်ရေးနှင့် သဘာဝနယ်မြေများထိန်းသိမ်းရေး ဥပဒေကြမ်းအပေါ် အကြံပြုဆွေးနွေးခဲ့သည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ သက်ဆိုင်ရာဝန်ကြီးဌာန၊ ပြည်သူ့လွှတ်တော်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ကော်မတီ၊ World Wildlife Fund - Myanmar မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်မှ ပညာရှင်များနှင့် အသေးစိတ်ညှိနှိုင်းဆွေးနွေးခဲ့ပြီး ဖြစ်ပါသဖြင့် ဥပဒေကြမ်းကော်မတီက မူလတင်ပြထားသည့် ပြင်ဆင်ချက်များနှင့် ယခု ထပ်မံတင်ပြသည့် ပြင်ဆင်ချက်များအတိုင်း အမျိုးသားလွှတ်တော်က အတည်ပြုဆောင်ရွက်နိုင်ပါရန် အစီရင်ခံတင်ပြအပ်ပါသည်။

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ

အားလုံးကို ကျေးဇူးတင်ပါတယ်ရှင်။

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီးပေးပို့လာသော တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များကာကွယ်ရေးနှင့် သဘာဝနယ်မြေများ ထိန်းသိမ်းရေး ဥပဒေကြမ်းကို အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း

**အချိန်၊ ၁၀း၅၂။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ကာကွယ်ရေးနှင့် သဘာဝနယ်မြေများထိန်းသိမ်းရေး ဥပဒေကြမ်းကို လွှတ်တော်ရဲ့ အဆုံးအဖြတ်ကို ရယူ၍ အတည်ပြုဆောင်ရွက်မှာ ဖြစ်ပါတယ်။

ဥပဒေကြမ်းကော်မတီက ပြင်ဆင်ချက်ရှိသော အပိုဒ်၊ အပိုဒ်ခွဲများကို တစ်ပိုဒ်ချင်းစီအလိုက် တင်ပြဖို့ ဖြစ်ပါတယ်။

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဥပဒေကြမ်းကော်မတီရဲ့ ဥပဒေကြမ်း ခေါင်းစဉ်ပြင်ဆင်ချက်ဖြစ်တဲ့-

**ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ ဥပဒေ**

(၂၀၁၈ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်  ။)

၁၃၇၉ ခုနှစ်၊ လ ရက်

(၂၀၁၈ ခုနှစ်၊ လ ရက် )

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်

ဒီ ပြင်ဆင်ချက်ကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ဥပဒေကြမ်း ခေါင်းစဉ် ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် ဥပဒေကြမ်း ခေါင်းစဉ်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

**ဒေါက်တာမြတ်ဉာဏစိုး (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)။** ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်ပြီးတော့ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ဖြည့်စွက်ချက်များဖြစ်တဲ့ -

ဥပဒေကြမ်းရဲ့ အပိုဒ် ၁၊ အဓိပ္ပာယ်ဖွင့်ဆိုချက်များဖြစ်တဲ့ အပိုဒ် ၂၊ အပိုဒ်ခွဲ(ခ)(ဂ)(စ)(ဈ)(ည)(ဏ)(ဖ)(ဗ)(ဘ)တို့ကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ ဒီ ပြင်ဆင်ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၁၊ အပိုဒ် ၂ (ခ)(ဂ)(စ)(ဈ)(ည)(ဏ)(ဖ)(ဗ)(ဘ) ပြင်ဆင်ဖြည့်စွက်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၁၊ အပိုဒ်၂(ခ)(ဂ)(စ)(ဈ)(ည)(ဏ)(ဖ)(ဗ)(ဘ)သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

**ဒေါက်တာမြတ်ဉာဏစိုး (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥက္ကဋ္ဌကြီး ခင်ဗျား။ ကော်မတီရဲ့ လုပ်ငန်းတာဝန်ပိုင်းဆိုင်ရာ ပြဋ္ဌာန်းချက်များကို ပြင်ဆင်ဖြည့်စွက်ချက်များဖြစ်တဲ့ ဥပဒေကြမ်းရဲ့-

အပိုဒ် ၆၊ အပိုဒ်ခွဲ(ဃ)၊ အပိုဒ် ၉ ရဲ့ ခြေဆင်း၊ အပိုဒ် ၉၊(ခ)(င)၊ အပိုဒ် ၁၀ ခြေဆင်း ပြင်ဆင်ချက်များကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၆(ဃ)၊ အပိုဒ် ၉ ခြေဆင်း၊ အပိုဒ် ၉(ခ)(င)၊ အပိုဒ် ၁၀ ခြေဆင်း ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက်အတည်ဖြစ်တဲ့အတွက် အပိုဒ် ၆(ဃ)၊ အပိုဒ် ၉ ခြေဆင်း၊ အပိုဒ် ၉ (ခ)(င)၊ အပိုဒ် ၁၀ ခြေဆင်းသည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

**ဒေါက်တာမြတ်ဉာဏစိုး (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဆက်လက်ပြီးတော့ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ဖြည့်စွက်ချက်များဖြစ်တဲ့ -

ဥပဒေကြမ်းရဲ့ အပိုဒ် ၁၁၊ အပိုဒ်ခွဲ(က)၊ အပိုဒ် ၁၃၊ အပိုဒ်ခွဲ(ဂ)၊ အပိုဒ် ၁၄၊ အပိုဒ် ၁၅၊ အပိုဒ်ခွဲ(က)(ခ) ပြင်ဆင်ဖြည့်စွက်ချက်များကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီ ပြင်ဆင်ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၁၁(က)၊ အပိုဒ် ၁၃(ဂ)၊ အပိုဒ် ၁၄၊ အပိုဒ် ၁၅(က)(ခ) ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၁၁(က)၊ အပိုဒ် ၁၃(ဂ)၊ အပိုဒ် ၁၄၊ အပိုဒ် ၁၅(က)(ခ) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

**ဒေါက်တာမြတ်ဉာဏစိုး (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥက္ကဋ္ဌကြီး ခင်ဗျား။ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်များဖြစ်တဲ့ -

ဥပဒေကြမ်းရဲ့ အပိုဒ် ၁၉၊ အပိုဒ်ခွဲ(ဆ)၊ အပိုဒ် ၂၃၊ အပိုဒ်ခွဲ(ဂ)၊ အပိုဒ် ၂၆ ရဲ့ ခြေဆင်း၊ အပိုဒ် ၂၇၊ အပိုဒ်ခွဲ(က) ပြင်ဆင်ချက်များကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၁၉(ဆ)၊ အပိုဒ် ၂၃ (ဂ)၊ အပိုဒ် ၂၆ ခြေဆင်း၊ အပိုဒ် ၂၇(က) ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၁၉(ဆ)၊ အပိုဒ် ၂၃ (ဂ)၊ အပိုဒ် ၂၆ ခြေဆင်း၊ အပိုဒ် ၂၇(က)သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

**ဒေါက်တာမြတ်ဉာဏစိုး (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥက္ကဋ္ဌကြီး ခင်ဗျား။ ဆက်လက်ပြီးတော့ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက်များဖြစ်တဲ့ -

အပိုဒ် ၃၁၊ အပိုဒ်ခွဲ(ဂ)၊ အပိုဒ် ၃၈၊ အပိုဒ်ခွဲ(က)(ခ)(ဂ)၊ အပိုဒ် ၃၉ ရဲ့ ခြေဆင်း၊ အပိုဒ် ၄၆၊ အပိုဒ်ခွဲ(ဂ) ပြင်ဆင်ချက်များကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၃၁(ဂ)၊ အပိုဒ် ၃၈(က)(ခ)(ဂ)၊ အပိုဒ် ၃၉ ခြေဆင်း၊ အပိုဒ် ၄၆(ဂ) ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၃၁(ဂ)၊ အပိုဒ် ၃၈(က)(ခ)(ဂ)၊ အပိုဒ် ၃၉ ခြေဆင်း၊ အပိုဒ် ၄၆(ဂ)သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

**ဒေါက်တာမြတ်ဉာဏစိုး (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥက္ကဋ္ဌကြီး ခင်ဗျား။ ပြည်သူ့လွှတ်တော်က အတည်ပြုထားတဲ့ ဥပဒေကြမ်းရဲ့-

အပိုဒ် ၅၊ အပိုဒ် ၁၁ ရဲ့ ခြေဆင်း၊ အပိုဒ် ၁၂၊ အပိုဒ် ၁၃ ခြေဆင်း၊ အပိုဒ် ၁၅ ခြေဆင်း၊ အပိုဒ် ၁၇ ခြေဆင်း၊ အပိုဒ် ၁၈ ခြေဆင်း၊ အပိုဒ် ၁၉ ခြေဆင်း၊ အပိုဒ် ၂၁ အပိုဒ်ခွဲ(က)(ခ)၊ အပိုဒ် ၂၅ ခြေဆင်းနှင့် အပိုဒ် ၂၇၊ အပိုဒ်ခွဲ(ဂ)တို့မှာ ဖော်ပြထားတဲ့ ဝန်ကြီးဆိုတဲ့ စကားရပ်တွေနေရာမှာ ဝန်ကြီးဌာနဆိုတဲ့ စကားရပ်နဲ့ ပြင်ဆင်ပြောင်းလဲဖို့ ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်က အတည်ပြုထားတဲ့ ဥပဒေကြမ်းမှာပါရှိတဲ့ အစိုးရဆိုတဲ့ စကားရပ်တွေအစားလည်း အစိုးရအဖွဲ့ဆိုတဲ့ စကားရပ်နဲ့ ပြင်ဆင်အတည်ပြုဖို့ ဖြစ်ပါတယ်။ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းဆိုတဲ့ စကားရပ်ကိုလည်း အစိုးရဌာန၊ အဖွဲ့အစည်းဆိုတဲ့ စကားရပ်ဖြင့် ဥပဒေကြမ်းတစ်ရပ်လုံးမှာ ပြောင်းလဲ ပြင်ဆင်ထားချက်ကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်တယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် ဝန်ကြီးဌာန၊ အစိုးရအဖွဲ့၊ အစိုးရဌာန၊ အဖွဲ့အစည်း ဆိုသည့် စကားရပ်များသည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

**ဒေါက်တာမြတ်ဉာဏစိုး (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥက္ကဋ္ဌကြီး ခင်ဗျား။ ပြည်သူ့လွှတ်တော်က အတည်ပြုထားတဲ့ ဥပဒေကြမ်းရဲ့-

အပိုဒ် ၁၃ အပိုဒ်ခွဲ(ဈ)နဲ့ အပိုဒ်ခွဲ(ည) တို့ကိုတော့ မလိုအပ်တဲ့တွက်ကြောင့်မို့လို့ ပယ်ဖျက်ပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီ ပယ်ဖျက်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ပယ်ဖျက်ချက် အတည်ဖြစ်သည်။ (သြဘာသံများ)

**ဒေါက်တာမြတ်ဉာဏစိုး (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)။** ။ ဥက္ကဋ္ဌကြီး ခင်ဗျား။ အမျိုးသားလွှတ်တော်က ယခု ပြင်ဆင်ချက်များနဲ့ အတည်ပြုပြီးဖြစ်တဲ့ အပိုဒ်၊ အပိုဒ်ခွဲများမှ အပဖြစ်တဲ့ ဥပဒေကြမ်းရဲ့ ကျန်ရှိတဲ့ အပိုဒ်၊ အပိုဒ်ခွဲတွေကိုတော့ ပြည်သူ့လွှတ်တော်ရဲ့ အတည်ပြုချက် အတိုင်း အမျိုးသားလွှတ်တော်မှ ဆက်လက် အတည်ပြုဆောင်ရွက်ပေးနိုင်ပါရန် တင်ပြအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ ဒီ တင်ပြချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီ၏ တင်ပြချက်အတိုင်း အတည် ဖြစ်သည်။ (သြဘာသံများ)

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီက တာဝန် ပေးအပ်သော ကော်မတီဝင်က မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေး ဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်း (၂၀၁၇ ခုနှစ်) နှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ပြန်လည် ဖတ်ကြားရှင်းလင်းခြင်း**

**အချိန်၊ ၁၁း၀၁။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၈) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေး ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း (၂၀၁၇ ခုနှစ်)နှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ကော်မတီက ပြန်လည် ဖတ်ကြား ရှင်းလင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၀၂။**

**ဒေါ်ကျိုန်ငိုက်မန် (ကော်မတီဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်ပုဂ္ဂိုလ်များ၊ အမျိုးသားလွှတ်တော်

ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်ပါစေလို့ ကျွန်မ ဦးစွာ ဂါရဝပြု နှုတ်ခွန်းဆက်သ လိုက်ပါတယ်ရှင်။ အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီ၏ တာဝန်ပေးအပ်မှုအရ အမျိုးသား လွှတ်တော် ဥပဒေကြမ်းကော်မတီ မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေကို ပြင်ဆင်တဲ့ ဥပဒေကြမ်း(၂၀၁၇ ခုနှစ်)အပေါ် စိစစ်တင်ပြခြင်း အစီရင်ခံစာကို ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဥပဒေကြမ်းကော်မတီဝင်ဖြစ်သူ ကျွန်မ ဒေါ်ကျိုန်ငိုက်မန် မှ ဖတ်ကြားတင်သွင်းသွားမှာ ဖြစ်ပါတယ်ရှင်။

## အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း(၂၀၁၇ ခုနှစ်) အပေါ် စိစစ်တင်ပြခြင်းအစီရင်ခံစာ

စာအမှတ်၊ ၁/အမ (ကော်မတီ-၁) ၁/ ၂၀၁၈(၀၉၁)

ရက်စွဲ၊ ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၆ ရက်

၁။ မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း ၂၀၁၇ ခုနှစ်နှင့် စပ်လျဉ်းသည့် အစီရင်ခံစာကို ၂၃-၁၁-၂၀၁၇ ရက်နေ့တွင် အမျိုးသားလွှတ်တော်သို့ တင်သွင်း ခဲ့ခြင်း ဖြစ်ပါတယ်။ ဤဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ၁၄ ဦးတို့က ၂၃-၁-၂၀၁၈ နှင့် ၂၅-၁-၂၀၁၈ ရက်နေ့တို့တွင် အကြံပြုဆွေးနွေးခဲ့ကြပါတယ်။ သို့ဖြစ်၍ အမျိုးသား လွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ အကြံပြု ဆွေးနွေးခဲ့ကြသည့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်း ဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၊ တောင်သူလယ်သမား ရေးရာကော်မတီ၊ ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ် သုံးသပ်ရေးကော်မရှင်မှ ပညာရှင်တို့နှင့် ၂၆-၁-၂၀၁၈၊ ၂၉-၁-၂၀၁၈ နှင့် ၃၀-၁-၂၀၁၈ ရက်နေ့တို့တွင် ညှိနှိုင်းဆွေးနွေးခဲ့ကြပါတယ်။

### လေ့လာတွေ့ရှိချက်

၂။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း(၂၀၁၇ ခုနှစ်)ကို လေ့လာစိစစ်ရာတွင် အောက်ပါ အတိုင်း လေ့လာတွေ့ရှိရပါသည်-

(က) အဓိပ္ပာယ်ပိုမိုပြည့်စုံမှုရှိစေရန်အတွက် ဥပဒေကြမ်းကော်မတီက ပြင်ဆင်ထားတဲ့ အပိုဒ် ၈၊ ပုဒ်မ ၃၊ ပုဒ်မခွဲ(က)တွင် ဖော်ပြထားသော စကားရပ်များအစား နိုင်ငံတော် စီးပွားဖွံ့ဖြိုးတိုးတက်ရေးနှင့်ဒေသခံများ၊ မြေယာမဲ့နိုင်ငံသားများ၏ အလုပ်အကိုင် အခွင့်အလမ်းများ ဖော်ဆောင်နိုင်ရေးတို့အတွက် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်း များကို အသုံးပြု၍ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ဓာတ်သတ္တုထုတ်လုပ်ခြင်း၊ အစိုးရက ခွင့်ပြုထားသော ဥပဒေနှင့်ညီညွတ်သည့် အခြားလုပ်ငန်းများကို ထိရောက်မှန်ကန်စွာ အသုံးချစီမံဆောင်ရွက်နိုင်ရန် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

ပြည်ထောင်စုဝန်ကြီးက ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က အတွင်းရေးမှူးအဖြစ် လည်းကောင်း သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများမှ သင့်လျော်သည့် ပုဂ္ဂိုလ်များနှင့် အခြား သင့်လျော်သည့် ပုဂ္ဂိုလ်များက အဖွဲ့ဝင်အဖြစ်လည်းကောင်း ပါဝင်သော မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေး ဗဟိုကော်မတီကို ဖွဲ့စည်းရမည်။ ထိုသို့ အခြား သင့်လျော်သောပုဂ္ဂိုလ်များ ပါဝင်ဖွဲ့စည်းရာတွင် တိုင်းရင်းသားလူမျိုးစု ကိုယ်စားလှယ်များ၊ တောင်သူလယ်သမားကိုယ်စားလှယ်များ၊ အရပ်ဖက်ဆိုင်ရာ အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ သင့်လျော်သည့်ပညာရှင်များ ထည့်သွင်း ဖွဲ့စည်းပေးရမည် ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ် ၉၊ ပုဒ်မ ၃၊ ပုဒ်မခွဲ(ဂ)ကို မြန်မာစာအရေးအသား ကျစ်လျစ်မှုရှိစေရန်အတွက် ဗဟိုကော်မတီ သည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် စီမံခန့်ခွဲရေးကော်မတီများ ဖွဲ့စည်းပေးရမည်။ ထိုသို့ ဖွဲ့စည်းရာတွင် ဒေသခံတိုင်းရင်းသားများ၊ လူမျိုးစု ကိုယ်စားလှယ်များ၊ တောင်သူလယ်သမားကိုယ်စားလှယ်များ၊ အရပ်ဖက်ဆိုင်ရာ အဖွဲ့အစည်းကိုယ်စားလှယ်များ၊ သင့်လျော်သည့်ပညာရှင်များ ထည့်သွင်းဖွဲ့စည်း ပေးရမည် ဆိုသည့်စကားရပ်ဖြင့် လည်းကောင်း၊ မူလဥပဒေ ပုဒ်မ ၅ ၏ နောက်တွင် ပုဒ်မ ၅-က အဖြစ် အောက်ပါအတိုင်း အသစ်ဖြည့်စွက်သင့်ကြောင်း လေ့လာ တွေ့ရှိရပါသည်-

၅-က။　မြေယာမဲ့နိုင်ငံသားများ၊ လုပ်ကွက်ငယ် တောင်သူလယ်သမားများသည် နိုင်ငံတော်အတွင်းရှိ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများကို စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများအတွက် လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရရှိလိုပါက သတ်မှတ်ချက်များနှင့်အညီ သက်ဆိုင်ရာ စီမံခန့်ခွဲရေး ကော်မတီသို့ လျှောက်ထားနိုင်သည်

(ခ)　အဓိပ္ပာယ်ပိုမိုပြည့်စုံမှုရှိစေရန်အတွက် မူလဥပဒေ ပုဒ်မ ၆၊ ပုဒ်မခွဲ (ဂ)တွင် ဖော်ပြ ထားသော သဘာဝနယ်မြေများ၊ ရေဝေရေလဲဒေသများ၊ သဘာဝအင်းအိုင်များကို ထိန်းသိမ်းနိုင်ရေးတို့အတွက် ဆိုသည့်စကားရပ်ကို သဘာဝနယ်မြေများ၊ ရေဝေ ရေလဲဒေသများ၊ သဘာဝအင်းအိုင်များ၊ ကျွန်းနှင့် ကျွန်းစုများကို ထိန်းသိမ်းနိုင်ရေး တို့အတွက် ဆိုသည့်စကားရပ်ဖြင့် ပြင်ဆင်ပြီး အပိုဒ် ၁၅ အဖြစ်လည်းကောင်း၊ ဥပဒေရေးထုံးမှန်ကန်မှုရှိစေရန်အတွက် ဥပဒေကြမ်းကော်မတီက ပြင်ဆင်ထားသည့် အပိုဒ် ၁၇၊ ပုဒ်မ ၈-က၊ ပုဒ်မခွဲ (ခ)တွင် ဖော်ပြထားသော စကားရပ်များအစား မကျေနပ်သူသည် စီမံခန့်ခွဲရေးကော်မတီ၏ ငြင်းပယ်ကြောင်း ဆုံးဖြတ်ချက် ချမှတ် သည့်နေ့ရက်မှ ရက်ပေါင်း(၆၀)အတွင်း ဗဟိုကော်မတီသို့ အယူခံဝင်ရောက်နိုင်သည် ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ အဓိပ္ပာယ် ပိုမိုရှင်းလင်းမှုရှိစေရန်အတွက် အပိုဒ် ၁၉၊ ပုဒ်မ ၁၀ ခြေဆင်းတွင် ဖော်ပြထားသော စကားရပ်များအစား ဗဟိုကော်မတီသည် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်

ယင်းနှင့် ဆက်နွှယ်လျက်ရှိသော စီးပွားရေးလုပ်ငန်းများအတွက် ခွင့်ပြုသည့်အခါ လက်ရှိလုပ်ကိုင်နေသူ ရှိ မရှိ စိစစ်ပြီးမှသာ မြေဧရိယာနှင့် စပ်လျဉ်း၍ ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ ဥပဒေကြမ်းကော်မတီက ပြင်ဆင်ထားသည့် အပိုဒ် ၂၀၊ ပုဒ်မ ၁၀-က ခြေဆင်းတွင် ဖော်ပြထားသော စကားရပ်များအစား သက်ဆိုင်ရာ စီမံခန့်ခွဲရေးကော်မတီသည် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ယင်းနှင့် ဆက်နွှယ်လျက်ရှိသော စီးပွားရေးလုပ်ငန်းများအတွက် ခွင့်ပြုသည့်အခါ လက်ရှိလုပ်ကိုင်နေသူ ရှိ မရှိ စိစစ်ပြီးမှသာ မြေဧရိယာနှင့် စပ်လျဉ်း၍ ဆိုသည့်စကားရပ်ဖြင့် အသီးသီးအစားထိုးပြင်ဆင်သင့်ကြောင်း လေ့လာ တွေ့ရှိရပါသည်။

(ဂ) အဓိပ္ပာယ်ပိုမိုရှင်းလင်းမှုရှိစေရန်နှင့် ခွင့်ပြုကာလညီညွတ်မှုရှိစေရန်အတွက် ဥပဒေကြမ်း ကော်မတီက ပြင်ဆင်ထားသည့် အပိုဒ် ၂၂၊ ပုဒ်မ ၁၁-က၊ ပုဒ်မခွဲ(က)၊ ပုဒ်မခွဲငယ် (၁) နှင့် ပုဒ်မခွဲ(ခ)တို့တွင် ဖော်ပြထားသော စတင်ခွင့်ပြုသည့်နှစ်မှစ၍ နှစ်ပေါင်း၂၀ ဆိုသည့်စကားရပ်ကို စတင်ခွင့်ပြုသည့် နေ့ရက်မှစ၍ နှစ်ပေါင်း ၃၀ ဆိုသည့် စကားရပ် ဖြင့်လည်းကောင်း၊ ပုဒ်မခွဲ (ဂ) တွင် ဖော်ပြထားသော နှစ်ပေါင်း၂၀ ဆိုသည့် စကားရပ်ကို နှစ်ပေါင်း ၃၀ ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ အဆိုပြု ပြဋ္ဌာန်းထား သည့် ဥပဒေကြမ်း အပိုဒ် ၈ ကို အပိုဒ် ၂၄ ဟု ပြင်ဆင်ပြီး မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရရှိရန် လျှောက်ထားခြင်းများ ကာလသတ်မှတ်ချက် ပိုမိုရရှိစေရန်အတွက် ပုဒ်မ ၂၂၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မခွဲငယ် (၁) တွင် ဖော်ပြထားသော မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေ ပြဋ္ဌာန်းသည့်နေ့မှစ၍ သုံးလအတွင်း ဆိုသည့်စကားရပ်ကို မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေ ပြဋ္ဌာန်းသည့်နေ့မှစ၍ ခြောက်လအတွင်း ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ မူလ ဥပဒေပုဒ်မ ၂၅၊ ပုဒ်မခွဲ (ဂ) ကို အဓိပ္ပာယ်ပိုမိုပြည့်စုံမှုရှိစေရန်အတွက် မြေလွတ်၊ မြေလပ်နှင့်မြေရိုင်း များ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ချထားပေးသော မြေဧရိယာပေါ်တွင် ယခင်ကတည်းက လုပ်ကိုင်ခွင့်ရရှိထားပြီးသော တောင်သူလယ်သမားများရှိပါက ယင်းတို့၏ သဘော တူညီချက် ရရှိပြီးမှသာ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်စေရမည်ဆိုသည့် စကားရပ်ဖြင့် အစားထိုးပြင်ဆင်ပြီး အပိုဒ် ၂၅ အဖြစ်လည်းကောင်း၊ မြန်မာစာ အရေးအသား ပြေပြစ်မှုရှိစေရန်အတွက် မူလဥပဒေပုဒ်မ ၂၇၊ ပုဒ်မခွဲ(ခ)၏ နောက်တွင် ပုဒ်မခွဲ(ဂ)အဖြစ် မိမိလုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရရှိထားခြင်းမရှိသည့် မြေတွင် ဝင်ရောက် ကျူးကျော်လုပ်ကိုင်ခြင်းဆိုသည့် စကားရပ်ကို အပိုဒ် ၂၇ ဟု လည်းကောင်း၊ ပြစ်မှုနှင့် ပြစ်ဒဏ် ညီညွတ်မျှတမှုရှိစေရန်အတွက် မူလဥပဒေ ပုဒ်မ ၂၈ တွင် ဖော်ပြထားသော တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သုံးသိန်းထက် မပိုသော ငွေဒဏ်ဖြစ်စေ ဆိုသည့်စကားရပ်ကို ခြောက်လထက်မပိုသော ထောင်ဒဏ် ဖြစ်စေ၊ ကျပ်တစ်သိန်းထက် မပိုသော ငွေဒဏ်ဖြစ်စေ ဆိုသည့်စကားရပ်ဖြင့် ပြင်ဆင်ပြီး အပိုဒ် ၂၈ ဟုလည်းကောင်း

အသီးသီးအစားထိုး ပြင်ဆင်သင့်ကြောင်းနှင့် ဥပဒေကြမ်းကော်မတီက ပြင်ဆင်ထားသည့် အပိုဒ် ၂၉၊ ပုဒ်မ ၂၉-က ကို ပုဒ်မ ၂၉-က၊ ပုဒ်မခွဲ(က)နှင့်(ခ)တို့အဖြစ် အောက်ပါအတိုင်း အစားထိုးပြင်ဆင်သင့်ကြောင်း လေ့လာတွေ့ရှိရပါသည်-

၂၉-က။ မည်သူမဆို-

(က) ပုဒ်မ ၁၆၊ ပုဒ်မခွဲ (ဂ)ပါ စည်းကမ်းချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို နှစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်ဆယ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

(ခ) ပုဒ်မ ၁၆၊ ပုဒ်မခွဲ (စ) ပါ စည်းကမ်းချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို ခုနှစ်နှစ်ထက်မပိုသော ထောင်ဒဏ်ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

(ဃ) ဥပဒေရေးထုံး မှန်ကန်မှုရှိစေရန်အတွက် မူလဥပဒေ ပုဒ်မ ၃၃ ကို ပုဒ်မ ၃၃၊ ပုဒ်မခွဲ (က)နှင့် (ခ)တို့အဖြစ် ပြင်ဆင်ပြီး အောက်ပါအတိုင်း အစားထိုးပြင်ဆင်သင့်ကြောင်း လေ့လာတွေ့ရှိရပါသည်-

၃၃။(က) ဤဥပဒေအရဖွဲ့စည်းထားသော ဗဟိုကော်မတီသည် ဤဥပဒေမပြဋ္ဌာန်းမီက ဖွဲ့စည်းခဲ့သော မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုအဖွဲ့၏ ဤဥပဒေနှင့်ဆန့်ကျင်ခြင်းမရှိသည့် တာဝန်နှင့်လုပ်ပိုင်ခွင့်များကို ဆက်ခံဆောင်ရွက်ရမည်။

(ခ) မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ စီမံခန့်ခွဲရေးဆိုင်ရာကိစ္စရပ်များအတွက် ထုတ်ပြန်ခဲ့သည့် နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများသည် ဤဥပဒေနှင့် မဆန့်ကျင်သရွေ့ အတည်ဖြစ်သည်။

**ကော်မတီ၏သဘောထားမှတ်ချက်**

၃။ သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း(၂၀၁၇ ခုနှစ်)ကို အကြံပြုဆွေးနွေးခဲ့သည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ သက်ဆိုင်ရာဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများနှင့် အသေးစိတ် ညှိနှိုင်းဆွေးနွေးခဲ့ပြီး ဖြစ်ပါသဖြင့် ဥပဒေကြမ်းကော်မတီ၏ မူလတင်ပြထားသည့် ပြင်ဆင်ချက်များနှင့် ယခုထပ်မံပြင်ဆင်ချက်များကို အမျိုးသားလွှတ်တော်က အတည်ပြုဆောင်ရွက်နိုင်ပါရန် အစီရင်ခံ တင်ပြအပ်ပါသည်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ

အားလုံးကို ကျေးဇူးတင်ပါတယ်ရှင်။

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်း (၂၀၁၇ ခုနှစ်)အား တစ်ပိုဒ်ချင်းစီအလိုက်အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း

**အချိန်၊ ၁၁း၁၂။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း(၂၀၁၇ ခုနှစ်)အား တစ်ပိုဒ်ချင်းစီ အလိုက် အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူမှာ ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက အဆုံးအဖြတ် ရယူလိုသည့် ဥပဒေကြမ်းပါ အပိုဒ်၊ အပိုဒ်ခွဲများကို တစ်ပိုဒ်ချင်းစီအလိုက် ဖတ်ကြားတင်ပြဖို့ ဖြစ်ပါတယ်။

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဥပဒေကြမ်းကော်မတီရဲ့ ဥပဒေကြမ်းခေါင်းစဉ်ပြင်ဆင်ချက်ဖြစ်တဲ့

**မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေး ဥပဒေကို ပြင်ဆင်သည့် ဥပဒေ**

(၂၀၁၈ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ။)

၁၃၇၉ ခုနှစ်၊ လ ရက်

(၂၀၁၈ ခုနှစ်၊ လ ရက် )

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

ဥပဒေကြမ်းကော်မတီရဲ့ ခေါင်းစဉ်ပြင်ဆင်ချက်ကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ဥပဒေကြမ်းခေါင်းစဉ် ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် ဥပဒေကြမ်းခေါင်းစဉ်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သည်။

**ဒေါက်တာမြတ်ဉာဏစိုး(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။။ ဥပဒေကြမ်းရဲ့အဓိပ္ပာယ်ဖွင့်ဆိုချက်နဲ့ အမည်ပြင်ဆင်ချက်များဖြစ်တဲ့-

ဥပဒေကြမ်းရဲ့ အပိုဒ် ၁၊ အပိုဒ် ၂၊ အပိုဒ် ၃၊ အပိုဒ် ၄၊ အပိုဒ် ၅၊ အပိုဒ် ၆၊ အပိုဒ် ၇ ပြင်ဆင်ချက်များကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူမရှိတဲ့အတွက် အပိုဒ် ၁၊ အပိုဒ် ၂ ၊အပိုဒ် ၃၊ အပိုဒ် ၄၊ အပိုဒ် ၅၊ အပိုဒ် ၆၊ အပိုဒ် ၇ ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၁၊ အပိုဒ် ၂၊ အပိုဒ် ၃၊ အပိုဒ် ၄၊ အပိုဒ် ၅၊ အပိုဒ် ၆၊ အပိုဒ် ၇ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သည်။

**ဒေါက်တာမြတ်ဉာဏစိုး (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥက္ကဋ္ဌကြီး ခင်ဗျား။ ဆက်လက်ပြီးတော့ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ဖြည့်စွက်ချက်များဖြစ်တဲ့-

ဥပဒေကြမ်းရဲ့ အပိုဒ် ၈၊ အပိုဒ် ၉၊ အပိုဒ် ၁၀၊ အပိုဒ် ၁၁၊ အပိုဒ် ၁၂ နဲ့ အပိုဒ် ၁၃ ပြင်ဆင်ဖြည့်စွက်ချက်များကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီ ပြင်ဆင်ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၈၊ အပိုဒ် ၉၊ အပိုဒ် ၁၀၊ အပိုဒ် ၁၁၊ အပိုဒ် ၁၂၊ အပိုဒ် ၁၃ ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၈၊ အပိုဒ် ၉၊ အပိုဒ် ၁၀၊ အပိုဒ် ၁၁၊ အပိုဒ် ၁၂၊ အပိုဒ် ၁၃ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သည်။

**ဒေါက်တာမြတ်ဉာဏစိုး (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥက္ကဋ္ဌကြီး ခင်ဗျား။ ဆက်လက်ပြီးတော့ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ဖြည့်စွက်ချက်များဖြစ်တဲ့ ဥပဒေကြမ်းရဲ့-

အပိုဒ် ၁၄၊ အပိုဒ် ၁၅၊ အပိုဒ် ၁၆၊ အပိုဒ် ၁၇၊ အပိုဒ် ၁၈၊ အပိုဒ် ၁၉၊ အပိုဒ် ၂၀ ပြင်ဆင်ဖြည့်စွက်ချက်များကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီ ပြင်ဆင်ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူမရှိတဲ့အတွက် အပိုဒ် ၁၄၊ အပိုဒ် ၁၅၊ အပိုဒ် ၁၆၊ အပိုဒ် ၁၇၊ အပိုဒ် ၁၈၊ အပိုဒ် ၁၉၊ အပိုဒ် ၂၀ ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ဖြည့်စွက်ချက် အပိုဒ် ၁၄၊ အပိုဒ် ၁၅၊ အပိုဒ် ၁၆၊ အပိုဒ် ၁၇၊ အပိုဒ် ၁၈၊ အပိုဒ် ၁၉၊ အပိုဒ် ၂၀ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သည်။ (ဩဘာသံများ)

**ဒေါက်တာမြတ်ညာဏစိုး (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥက္ကဋ္ဌကြီး ခင်ဗျား။ ဆက်လက်ပြီးတော့ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင် ဖြည့်စွက်ချက်များဖြစ်တဲ့ ဥပဒေကြမ်းရဲ့-

အပိုဒ် ၂၁၊ အပိုဒ် ၂၂၊ ဥပဒေကြမ်းရဲ့ အပိုဒ် ၂၃ မှာ ဖော်ပြထားတဲ့ ပုဒ်မ ၁၇၊ အပိုဒ် ၂၄ မှာ ဖော်ပြထားတဲ့ ပုဒ်မ ၂၂၊ (က) (၃)၊ ပုဒ်မ ၂၂၊ (ခ) ခြေဆင်း၊ ပုဒ်မ ၂၂၊ (ခ) (၁) ပြင်ဆင်ဖြည့်စွက်ချက်များကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီ ပြင်ဆင်ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူမရှိတဲ့အတွက် အပိုဒ် ၂၁၊ အပိုဒ် ၂၂၊ အပိုဒ် ၂၃ တွင်ဖော်ပြထားသည့် ပုဒ်မ ၁၇၊ အပိုဒ် ၂၄ တွင် ဖော်ပြထားသည့် ပုဒ်မ ၂၂(က)(၃)၊ ပုဒ်မ ၂၂(ခ) ခြေဆင်း၊ ပုဒ်မ ၂၂ (ခ)(၁) ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၂၁၊ အပိုဒ်၂၂၊ အပိုဒ်၂၃ တွင် ဖော်ပြထားသည့် ပုဒ်မ၁၇၊ အပိုဒ်၂၄ တွင် ဖော်ပြထားသည့် ပုဒ်မ ၂၂ (က)(၃)၊ ပုဒ်မ ၂၂(ခ) ခြေဆင်း၊ ပုဒ်မ ၂၂ (ခ)(၁) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သည်။

**ဒေါက်တာမြတ်ဉာဏစိုး (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥက္ကဋ္ဌကြီး ခင်ဗျား။ ဆက်လက်ပြီးတော့ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ဖြည့်စွက်ချက်များဖြစ်တဲ့-

ဥပဒေကြမ်းရဲ့ အပိုဒ်၂၅၊ အပိုဒ်၂၆၊ အပိုဒ်၂၇ မှာ ဖော်ပြထားတဲ့ မူလဥပဒေ ပုဒ်မ ၂၇ (ဂ)၊ အပိုဒ် ၂၈၊ အပိုဒ် ၂၉၊ အပိုဒ် ၃၀၊ အပိုဒ် ၃၁ ပြင်ဆင်ဖြည့်စွက်ချက်များကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီ ပြင်ဆင်ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ်၂၅၊ အပိုဒ်၂၆၊ အပိုဒ်၂၇ တွင်ဖော်ပြထားသည့် ပုဒ်မ ၂၇(ဂ)၊ အပိုဒ် ၂၈၊ အပိုဒ် ၂၉၊ အပိုဒ် ၃၀၊ အပိုဒ် ၃၁ ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ်၂၅၊ အပိုဒ်၂၆၊ အပိုဒ်၂၇ တွင် ဖော်ပြထားသည့် ပုဒ်မ ၂၇(ဂ)၊ အပိုဒ် ၂၈၊ အပိုဒ် ၂၉၊ အပိုဒ် ၃၀၊ အပိုဒ် ၃၁ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

**ဒေါက်တာမြတ်ဉာဏစိုး (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥက္ကဋ္ဌကြီး ခင်ဗျား။ အဆိုပြုပြဋ္ဌာန်းထားတဲ့ ဥပဒေကြမ်းရဲ့ အပိုဒ် ၆ ကိုတော့ မူလဥပဒေ ပြဋ္ဌာန်းချက်အတိုင်းပဲ ဆက်လက်ထားရှိနိုင်ဖို့အတွက် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီ တင်ပြချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီ၏ တင်ပြချက် အတည်ဖြစ်သည်။

**ဒေါက်တာမြတ်ဉာဏစိုး (အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥက္ကဋ္ဌကြီး ခင်ဗျား။ ယနေ့ အမျိုးသားလွှတ်တော်က ဆောင်ရွက်ပြီးစီးသွားတဲ့ ပြင်ဆင်ချက်တွေက အပဖြစ်တဲ့

ဥပဒေကြမ်းရဲ့ ကျန်ရှိတဲ့ အပိုဒ်၊ အပိုဒ်ခွဲများကိုတော့ အဆိုပြုပြင်ဆင်ချက်အတိုင်း အမျိုးသားလွှတ်တော်က အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဒီ တင်ပြချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီ၏ တင်ပြချက် အတည်ဖြစ်သည်။

ယခုအဆိုမှာ ဤဥပဒေကြမ်း အပိုဒ် ၁ မှ ၃၁ တို့သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သင့်သည်။

ဒီ အဆိုကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အဆို အတည်ဖြစ်သည်။

အဆိုအတည်ဖြစ်တဲ့အတွက် အပိုဒ် ၁ မှ ၃၁ တို့သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

**ဥက္ကဋ္ဌ**။ ။ ယခုအဆိုမှာ ဤဥပဒေကြမ်းအမည်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သင့်သည်။

ဒီ အဆိုကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အဆို အတည်ဖြစ်သည်။

အဆို အတည်ဖြစ်တဲ့အတွက် ဤဥပဒေကြမ်း အမည်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း (၂၀၁၇ ခုနှစ်)အား အတည်ပြုရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံခြင်း**

**အချိန်၊ ၁၁း၂၂။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၀)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၁၊ နည်းဥပဒေခွဲ(ခ)အရ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေး ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း (၂၀၁၇ ခုနှစ်)အား ပြင်ဆင်ထားသည့်အတိုင်း အမျိုးသားလွှတ်တော်က အတည်ပြုပေးဖို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက အဆိုတင်သွင်းရန် ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၂၃။**

**ဦးလှကျော် (ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး(၁၆)ရက်မြောက်နေ့ ယနေ့အစည်းအဝေးမှာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက တင်သွင်းခဲ့တဲ့ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေကို ပြင်ဆင်တဲ့ ဥပဒေကြမ်း (၂၀၁၇ ခုနှစ်) နဲ့ စပ်လျဉ်းပြီး တစ်ပိုဒ်ချင်းစီအလိုက် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ လေ့လာတွေ့ရှိချက်နဲ့ သဘောထားမှတ်ချက်များအပေါ် အမျိုးသားလွှတ်တော် သို့ တင်ပြအတည်ပြုချက် ရယူခဲ့ပြီးဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက တင်သွင်းခဲ့တဲ့ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း (၂၀၁၇ ခုနှစ်)အား အမျိုးသားလွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် အဆိုကို တင်သွင်းအပ်ပါတယ်။

**အချိန်၊ ၁၁း၂၃။**

**ဥက္ကဋ္ဌ။** ။ အဆိုကို ထောက်ခံမယ့် လွှတ်တော်ကိုယ်စားလှယ်ကို ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၁း၂၃။**

**ဦးမောင်မောင်လတ်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း (၂၀၁၇ ခုနှစ်)အား အတည်ပြုရန် အဆိုတင်သွင်းခြင်းကို စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ

အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ကျွန်တော် ဦးမောင်မောင်လတ် က ထောက်ခံပါကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေး ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း(၂၀၁၇ ခုနှစ်)အား အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း**

**အချိန်၊ ၁၁း၂၄။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၁)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု အဆိုမှာ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေး ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း (၂၀၁၇ ခုနှစ်) အား ပြင်ဆင်ထားသည့်အတိုင်း အတည်ပြုရန် ဖြစ်ပါတယ်။

ဒီ အဆိုကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အဆို အတည်ဖြစ်သည်။

အဆိုအတည်ဖြစ်တဲ့အတွက် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း(၂၀၁၇ ခုနှစ်)သည် ပြင်ဆင်ထားသည့်အတိုင်း အတည်ဖြစ်သည်။ (ဩဘာသံများ)

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၁၆)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် (၁၇) ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း**

**အချိန်၊ ၁၁း၂၅။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၂) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခု ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၁၆)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ်အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၁၇)ရက်မြောက်နေ့ကို ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၄ ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက် ကျင်းပ မည်ဖြစ်ကြောင်း ကြေညာပါတယ်။

**အခမ်းအနားမှူး။**　　　။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။**　　　။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး (၁၆)ရက်မြောက်နေ့ကို ၁၁း၂၅ နာရီအချိန်တွင် ရပ်နားပါသည်။]